ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ (25-8-2010) (၆၅၀၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ရန်ကုန်တိုင်းဒေသကြီးရှိ စံပြစိုက်ပျိုးရေးအထူးဇုန်၌ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၄

ရန်ကုန်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ စံပြစိုက်ပျိုးရေးအထူးဇုန်၌ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စံပြစိုက်ပျိုးရေး အထူးဇုန်(၁) အကွက်အမှတ်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ ခေတ်မီ စံပြလယ်ယာစိုက်ပျိုးရေးစီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၉နာရီခွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စံပြစိုက်ပျိုးရေး အထူးဇုန်(၁) အကွက်အမှတ်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ ခေတ်မီစံပြလယ်ယာ စိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်အား ရှင်းလင်းဆောင်၌ ကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်ဇောအောင်က ဖိလစ်ပိုင်နိုင်ငံရှိ International Rice Research Institute (IRRI) မှ ပေးပို့သည့် စပါးမျိုးသစ် ငါးမျိုးနှင့် မြန်မာနိုင်ငံ၌ တွင်ကျယ်စွာ စိုက်ပျိုးလျက်ရှိသော စပါးမျိုး သုံးမျိုးတို့အား စမ်းသပ်စိုက်ပျိုးထုတ်လုပ်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာ ဦးတင်အောင်ဝင်းက စံပြစိုက်ပျိုးရေး အထူးဇုန်(၁)တွင် လုပ်ငန်းများဆောင်ရွက်နေသော ကုမ္ပဏီများ၏ မိုးစပါးစိုက်ပျိုးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၅-၈-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

ရိုးမဖြတ်ကျော်လမ်းများ အဆင့်မြှင့်တင် ကူးသန်းဆက်သွယ်သွားလာမှုများ တိုးတက်စည်ပင်

ပြည်ထောင်စုတစ်ဝန်း၌ ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းများ ချမှတ်ဖော်ဆောင်နေသည်။ လူမှုစီးပွားရေးသာမက ပညာရေး၊ ကျန်းမာရေး အဆင့်မြင့်မားစေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေပြီ။ နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးကြိုးပမ်းရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ကိုယ်ပိုင်သဘာဝ သယံဇာတများကို အသုံးပြုပြီး ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်အတတ်ပညာ စွမ်းပကားဖြင့် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ခဲ့သည်။ အကျိုးရလဒ်အဖြစ် အရှေ့၊ အနောက်၊ တောင်၊ မြောက် ကားလမ်းသစ်ကြီးများ ပေါ်ထွက်လာခဲ့ပြီ။ ပူတာအိုမှသည် ထားဝယ်၊ မြိတ်၊ ကော့သောင်းအထိ မော်တော်ကားဖြင့် သွားလာနိုင်ကြပြီ။ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့တို့မှ စစ်တွေမြို့အထိ ခရီးပေါက် သွားလာနေကြပေပြီ။

တောတောင်လျှိုမြောင် မြစ်ချောင်းကြီးများ ကာဆီးနေစေကာမူ လမ်းသစ်များဖောက်၍ တံတားသစ်များ တည်ဆောက်ကာ ခရီးရောက်နိုင်ကြပေပြီ။ ပဲခူးတိုင်းဒေသကြီးတွင် အလယ်ရိုးမတောင်တန်းကြီး ကာဆီးနေမှုကြောင့် အရှေ့ခြမ်းနှင့်အနောက်ခြမ်းနေ ပြည်သူများ သွားရေး လာရေး ခရီးမပေါက်ခဲ့ကြပေ။ ဒေသထွက်ကုန်များ တင်ပို့ရောင်းဝယ်ရာတွင် နှောင့်နှေးမှုများ ကြုံတွေ့ခဲ့ကြရသည်။

ယနေ့ကာလတွင် ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် ရိုးမဖြတ်ကျော်ကားလမ်းများ ပေါ်ပေါက်လာခဲ့ပြီ။ ကားလမ်းများသာမက ရိုးမဖြတ်ကျော်ရထားလမ်းသစ်ကိုပင် ဖောက်လုပ်နေပြီ။ ဖောက်လုပ်ပြီးစီးသည့် ရထားလမ်းပိုင်းအချို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ဒေသခံပြည်သူများ လွယ်လင့်တကူ ဆက်သွယ်သွားလာနေကြပြီ။ ကုန်စည်ပို့ဆောင် ရောင်းဝယ်မှုများ မြန်ဆန်သွက်လက်တိုးတက်လျက်ရှိသည်။

ရိုးမဖြတ်ကျော်လမ်းများအနက် မိုင် ၁၂၀ ကျော်ရှည်သည့် ပြည်-ပေါက်ခေါင်း-တောင်ငူကားလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ခဲ့ပြီ။ ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)ပြည်မြို့မှ အရှေ့ခြမ်း တောင်ငူမြို့သို့ လေးနာရီကျော်ခန့်အတွင်း သွားလာနိုင်လျက်ရှိသည်။ ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ရေး၊ လမ်းပြုပြင်ထိန်းသိမ်းရေး၊ လမ်းဘေး ရေစီးရေလာကောင်းမွန်ရေး၊ အသုံးပြုသောယာဉ်များ လမ်းမကြီး စည်းကမ်းများ လိုက်နာမောင်းနှင်ကြရေး မပြတ်ပြုလုပ်ကြရပေမည်။

ပဲခူးတိုင်းဒေသကြီးသည် သဘာဝသယံဇာတ ရေမြေရာသီဥတု ကောင်းမွန်သည်။ ဆန်စပါးအဓိက စိုက်ပျိုးရာ ဒေသကြီးတစ်ခုဖြစ်သည်။ ယခုနှစ်စိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၂ သိန်းကျော် စိုက်ပျိုးပြီးစီးနေပြီ။ ပဲခူးရိုးမအတွင်း သစ်တောစိုက်ခင်းများ ထူထောင်ထားသည်။ ပုဂ္ဂလိက ကျွန်းစိုက်ခင်းများလည်း ဖြစ်ထွန်းအောင်မြင်နေသည်။ ရိုးမဖြတ်ကျော် ကားလမ်း၊ ရထားလမ်းများ ဖောက်လုပ်အဆင့်မြှင့်တင်ပေးနိုင်မှုနှင့်အတူ ကုန်သွယ်စီးပွားလုပ်ငန်းများ ဆက်လက် ဖွံ့ဖြိုးတိုးတက်ဝေစည်နေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးဉာဏ်ဝင်း တီမောလက်စ်တေနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Zacarias Albano Da Costa ၏ ဖိတ်ကြားချက်အရ ဩဂုတ် ၁၉ ရက် မှ ၂၃ ရက်အထိ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ဩဂုတ် ၂၃ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဩဂုတ် ၂၀ ရက် ညနေ ၃ နာရီခွဲတွင် တီမောလက်စ်တေနိုင်ငံ သမ္မတ Mr. Jose Ramos-Horta အား ၎င်း၏နေအိမ်သို့ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ တီမောလက်စ်တေ အာဆီယံအဖွဲ့သို့ ဝင်ရောက်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

အလားတူ ဝန်ကြီး ဦးဉာဏ်ဝင်းသည် ညနေ ၄ နာရီ ၁၅ မိနစ်တွင် တီမောလက်စ်တေ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E. Mr. Fernando Lassama de Araujo အား ၎င်း၏ ရုံးခန်းသို့ လည်းကောင်း၊ ညနေ ၅ နာရီတွင် တီမောလက်စ်တေနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Jose Luis Guterres အား ၎င်း၏ ရုံးခန်းသို့လည်းကောင်း သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ အဆိုပါတွေ့ဆုံပွဲများသို့ တီမောလက်စ်တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဉာဏ်လင်းလည်း တက်ရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Zacarias Albano Da Costa က ကြိုဆိုနှုတ်ဆက်စဉ်။

(နိုင်ငံခြားရေး)

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယင်းနေ့ညပိုင်းတွင် တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Zacarias Albano Da Costa က Discovery Inn Hotel ၌ တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မြန်မာနှင့် တီမောလက်စ်တေတို့အကြား နှစ်နိုင်ငံဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက လည်းကောင်း၊ တီမောလက်စ်တေ ကိုယ်စားလှယ်အဖွဲ့အား တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Zacarias Albano Da Costa က လည်းကောင်း ဦးဆောင် တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် နှစ်နိုင်ငံပြည်တွင်း ဖြစ်ပေါ်တိုးတက်မှုများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများ၊ တီမောလက်စ်တေနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်ရန် ဆောင်ရွက်နေသည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန Salao Nobre ခန်းမ၌ တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Zacarias Albano Da Costa က မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် တီမောလက်စ်တေနိုင်ငံ ဒုတိယတပ်မတော် အကြီးအကဲ Brig.-Gen. Lere Anang Timor က တီမောဟိုတယ်၌ တည်ခင်းသည့် နံနက်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် တီမောလက်စ်တေနိုင်ငံ မြို့တော်ဒီလီသို့ ရောက်ရှိစဉ် ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်လေ့ကျင့်ရေး သင်တန်းကျောင်း (F- FDTL) သို့ လည်းကောင်း၊ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ဒီလီမြို့ရှိ သမိုင်းဝင်နေရာများသို့ လည်းကောင်း သွားရောက်လေ့လာခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ဒီလီမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။

(သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၁ ရက်တွင် ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှကြူက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဂန့်ဂေါခရိုင် ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးတင်အောင်က သင်တန်းဖွင့်လှစ်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းဆွေးနွေးသည်။

သင်တန်းသို့ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ စုစုပေါင်း ၄၂၂ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုခိတာလမ်းမနေ ဦးစိုးနိုင်အောင်-ဒေါ်သင်းသင်းခိုင်တို့က သမီးလေး မအေးမြမြသင်းအောင် တစ်နှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) သို့ ထာဝရဆေးနှင့် ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)

ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်း အမှတ်စဉ်(၃၆) ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်း အမှတ်စဉ်(၃၆)ကို စက်တင်ဘာ ၆ ရက်မှ ၂၇ ရက်အထိ နေ့စဉ်ရုံးပိတ်ရက်မှအပ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂း၄၅ နာရီအထိ ဖွင့်လှစ်မည်ဖြစ်သည်။ တက်ရောက်လိုသူများသည် အမှတ် (၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန သင်တန်းခန်းမတွင် ဩဂုတ် ၃၀ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဂျပန် နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် အာရှ သက်ငယ် တန်းလူငယ် အားကစား ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ ဂျူဒို အား က စား အဖွဲ့မှ အုပ်ချုပ်သူ နည်းပြ များ နှင့် အားကစားသမားများအား ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း စတုတ္ထအကြိမ်ညီလာခံ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း စတုတ္ထအကြိမ်ညီလာခံကို ဩဂုတ် ၂၈ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ညီလာခံတက်ရောက်နိုင်ရေးအတွက် အသင်းဝင်များထံ ဖိတ်စာများပေးပို့ထားကြောင်းနှင့် ဖိတ်စာအချိန်မီ မရောက်ရှိပါကလည်း မပျက်မကွက် တက်ရောက်နိုင်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဖုံးမှ

စံပြစိုက်ပျိုးရေးအထူးဇုန်၌ စိုက်ပျိုးရေ ရရှိရေး ဆောင်ရွက်ထားရှိမှု၊ မိုးစပါး နွေစပါး စိုက်ပျိုးမှုနှင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြ သည်။

မှာကြား

တင်ပြချက်များအပေါ် နိုင်ငံတော် ဝန်ကြီးချုပ်က လိုအပ်သည်များကို ပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စိုက်ပျိုး ထုတ်လုပ်ရေးဆိုင်ရာများကို မှာကြား သည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ကောက်စိုက် စက်ဖြင့် စိုက်ပျိုးမည့် ပျိုးပင်များအတွက် ဗန်းများဖြင့် ပျိုးထောင်မှု၊ ပင်မရေပေး တူးမြောင်းမှ စိုက်ကဧများသို့ ရေပေးဝေ နေမှုနှင့် မိုးစပါးစိုက်ပျိုးထားရှိမှု အခြေ အနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် သည် စံပြစိုက်ပျိုးရေး အထူးဇုန်(၁)၌ ကုမ္ပဏီများ၏ မိုးစပါးစိုက်ပျိုးထားရှိမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး စံပြစိုက်ပျိုးရေးအထူးဇုန်(၂)ရှိ ရွှေနဂါးမင်း ကုမ္ပဏီလီမိတက်၏ ခေတ်မီစံပြ လယ်ယာ စိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိသည်။

စပါးစိုက်ပျိုးမှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ အထူးဇုန် (၂)တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင် ရွက်နေသော ကုမ္ပဏီများမှ တာဝန်ရှိသူ များက ကုမ္ပဏီအလိုက် စပါးစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြ သည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် က အထူးဇုန်(၂)၌ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားမှုနှင့် ကုန်ထုတ်လမ်းများ အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဖြည့်စွက် ရှင်းလင်း တင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ချုပ်က လိုအပ်သည်များကို မှာကြား ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေး သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ကုမ္ပဏီ ၏ မိုးစပါးစိုက်ပျိုးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ရေထိန်းတံခါးသို့ ရောက်ရှိရာ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကံညွန့်က စံပြစိုက်ပျိုးရေး အထူးဇုန်(၂) အတွင်းရှိ လယ်မြေများအတွက် နွေစပါး စိုက်ပျိုးရေလုံလောက်စွာ ထိန်းသိမ်း ပေးဝေနိုင်ရန်၊ ပဲခူးမြစ် ဒီရေဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်နှင့် မိုးရာသီတွင် လယ် မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ် ပေးနိုင်ပြီး ရေတော်မိုးတော် လယ်မြေ များအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ရန် အတွက် ရေထိန်းတံခါး တည်ဆောက် ထားမှု အခြေအနေကို ရှင်းလင်း တင်ပြ သည်။

တင်ပြချက်များအပေါ် နိုင်ငံတော် ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့် ဆည်းမှာကြားပြီး စံပြစိုက်ပျိုးရေး အထူး ဇုန်(၂)မှ ပြန်လည်ထွက်ခွာသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် စံပြ စိုက်ပျိုးရေး အထူးဇုန်များရှိ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် အထွက်နှုန်းတိုးပြီး အရည်အသွေး ကောင်း၍ ပိုးမွှားဒဏ်ခံနိုင်သော စပါး မျိုးများ ထုတ်လုပ် စိုက်ပျိုးရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် ပညာရှင်များ၏ စွမ်းအား ကို ရယူရန်လိုအပ်ကြောင်း၊ စပါး စိုက်ပျိုး ထုတ်လုပ်မှု အောင်မြင်ရေးအတွက် ကုမ္ပဏီစိုက်ပျိုးသူတောင်သူနှင့် ကျွမ်းကျင် သော စိုက်ပျိုးရေးပညာရှင်များ သုံးဦး သုံးဖလှယ် အချိတ်အဆက်မိမိ ပူးပေါင်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် နိုင်ငံသားများ ကြီးပွား တိုးတက်မည့် နည်းလမ်းများ အစဉ်ကြံဆ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် သာမန်စိုက်ပျိုး ထုတ်လုပ်ခြင်းမျိုးမဟုတ်ဘဲ ပြည်ပသို့ ဆန်စပါး ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီ များဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်ထား ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းနှင့် အော်ဂဲနစ် လယ်ယာစိုက်ပျိုးထုတ်လုပ်မှု ကူးပြောင်းနိုင်ရေးအတွက် တောင်သူ လယ်သမားများအား ကျယ်ကျယ်ပြန့်ပြန့် ပညာပေးစည်းရုံး ဆောင်ရွက်သွားရန်ဖြစ် ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရန်ကုန်တိုင်းဒေသကြီး စံပြစိုက်ပျိုးရေးအထူးဇုန်(၂)ရှိ ရွှေနဂါးမင်း ကုမ္ပဏီလီမိတက်၏ မိုးစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စံပြစိုက်ပျိုးရေးအထူးဇုန် (၁)၌ ဒဂုံအင်တာနေရှင်နယ်လီမိတက်က ဆောင်ရွက်လျက်ရှိသည့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည့်ပျိုးပင်များအတွက် ဗန်းများဖြင့် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

Bar Code ဆိုင်ရာသင်တန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့ နိုင်ရန်ရည်ရွယ်လျက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ထိုင်းနိုင်ငံ Department of Export Promotion, Ministry of Commerce တို့ ပူးပေါင်း၍ "Introduction and Implementation to Bar Code for Business Efficiency" သင်တန်းကို စက်တင်ဘာ ၁ ရက် နံနက် ၈နာရီခွဲတွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကြေးမှာ အခမဲ့ဖြစ်ကြောင်း UMFCCI သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "မေတ္တာတရား"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၈)**
၈း၃၅ 7 Golden Girls Live Show (Part-3)
၉း၃၀ ရှင်တော်မဟာမုနိ. . . ဘဂဝါပူဇေမိ
၉း၄၅ အားကစားမြင်ကွင်းစုံ (မြတ်သူရ၊ ကျော်ကျော်ဗို၊ မင်းသွေး)
၁၀း၂၅ စုံညီအာဟာရပြည့်စုံရေး ကျောင်းကျန်းမာရေးလှုပ်ရှားပေး
၁၀း၀၅ Industrial Talk [ဒေါ်ယဉ်ယဉ်ဦး၊ ဒေါက်တာအောင်ဇော်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၁း၂၅ ခတ်ပုံထဲမှအမှတ်တရများ (တင်မိုးလွင်)(အပိုင်း-၂)
၁၁း၅၀ လှပသောအနာဂတ်ရောင်စဉ်တန်းများဖြင့် မီးပန်းပွဲတော်
၁၂း၀၅ Omega-3 fatty acids
၁၂း၂၀ ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့ (ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ) (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၁၂း၃၅ ကြည်နူးဖူးမဝလေပြီ. . . ကျိုက်မရောမြို့၏ ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
၁း၀၀ "မေတ္တာတရား"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ စကားနပန်း (ကိုယ့်မိန်းမကိုအမှန်အတိုင်း ပြောတာကောင်းတယ်၊ ကိုယ့်မိန်းမကိုအမှန်အတိုင်း မပြောတာကောင်းတယ်)
၃း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၈)**
၄း၂၅ ကုသိုလ်ရန့်တို့သင်းပျံ့လှိုင်. . . Golden Lamps အမွေးတိုင်
၄း၄၀ စုံညီအာဟာရပြည့်စုံရေး ကျောင်းကျန်းမာရေးလှုပ်ရှားပေး
၅း၀၅ ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၅း၂၀ လှပသောအနာဂတ်ရောင်စဉ်တန်းများဖြင့် မီးပန်းပွဲတော်
၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ ခတ်ပုံထဲမှအမှတ်တရများ (တင်မိုးလွင်) (အပိုင်း-၂)
၆း၄၀ 2010 Summer Youth Olympics
၇း၀၀ 7 Golden Girls Live Show (Part-4)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (ကိုယ့်မိန်းမကိုအမှန်အတိုင်း ပြောတာကောင်းတယ်၊ ကိုယ့်မိန်းမကိုအမှန်အတိုင်း မပြောတာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၈)**
၁၀း၀၀ သီချင်းကောင်းကောင်းသီချင်းတောင်း
၁၀း၂၅ Sports World
၁၀း၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (စိန်သစ်)
၁၁း၂၅ Industrial Talk
၁၁း၅၅ ကွန်ရက်ပမာယှက်သွယ်ဖြာ
၁၂း၀၅ မေတ္တာပန်းတို့မွှေးပျံ့စေ (ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ အကယ်ဒမီချိုပြုံး) (ဒါရိုက်တာ-ခတ်ပုံရဲမြင့်လွင်)
၁၂း၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပေကျင်းမြို့လယ်မှ ယာဉ်ကြောပိတ်ဆို့မှု မြင်ကွင်း။

တရုတ်နိုင်ငံမှ ယာဉ်ကြောပိတ်ဆို့မှု မိုင် ၆၀ ခန့်ရှည်ပြီး ကိုးရက်ကြာမြင့်

ပေကျင်း ဩဂုတ် ၂၄

တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ဦးတည်နေသည့် ပေကျင်း-တိဗက်အဝေးပြေးလမ်းမကြီးပေါ်တွင် အရှည်ကီလိုမီတာ ၁၀၀ ကျော်(မိုင်၆၀ခန့်)ရှိသည့် မော်တော်ယာဉ်ထောင်ပေါင်းများစွာ ပါဝင်သော ယာဉ်တန်းကြီးသည် ကိုးရက်ကြာမျှ ယာဉ်ကြောပိတ်ဆို့မှုနှင့် ရင်ဆိုင်နေရကြောင်း ဩဂုတ် ၂၃ ရက် သတင်းများတွင် ဖော်ပြသည်။

ပေကျင်းမြို့တော်ဆီသို့ သွားရောက်လျက်ရှိသော ဧရာမကုန်တင်ယာဉ်ကြီးများနှင့် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကြောင့် ဩဂုတ် ၁၄ရက်မှ စတင်ကာ ပေကျင်း-တိဗက် အဝေးပြေးလမ်းမကြီးပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည်။

ပေကျင်းနှင့် ကျိနန်မြို့များအကြား ယာဉ်ကြောပိတ်ဆို့မှုကြောင့် သောင်တင်နေသော ယာဉ်မောင်းများကို စားရေရိက္ခာများ အမြတ်တင် ရောင်းချခြင်းဖြင့် ဒေသခံကုန်သည်များမှာ ဝင်ငွေလမ်းဖြောင့်နေကြကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ပေကျင်းမြို့သူ၊ မြို့သား သန်း၂၀တို့အတွက် ကုန်စည်များကို ပေးပို့ပေးနေသော ဟီပေပြည်နယ်တောင်ပိုင်း၊ အတွင်းမွန်ဂို လီးယားဒေသများနှင့် ပေကျင်းမြို့အကြားဆက်သွယ်ထားသော အဆိုပါအဝေးပြေးလမ်းမသည် ယာဉ်ကြောပိတ်ဆို့မှုပြဿနာများနှင့် တဖြည်းဖြည်း ပိုမိုကြုံတွေ့နေရကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုးမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား ပါလီမန်အမတ်များအပါအဝင် အနည်းဆုံး လူ ၃၂ ဦး သေဆုံးခဲ့

မိုဂါဒစ်ရှုး ဩဂုတ် ၂၄

ဆိုမာလီစစ်ဘက်ဝတ်စုံများဝတ်ဆင်ထားသော အသေခံဗုံးဖောက်ခွဲသမားတစ်ဦးနှင့် သေနတ်သမားများက ဆိုမာလီသမ္မတအိမ်တော်အနီးရှိ ဟိုတယ်တစ်လုံးကို အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ ဆိုမာလီပါလီမန်လွှတ်တော် အမတ်ခြောက်ဦးအပါအဝင် လူ ၃၂ ဦးသေဆုံးခဲ့ကြောင်း ဩဂုတ် ၂၄ ရက် သတင်းများတွင် ဖော်ပြသည်။

ဆိုမာလီလက်ထောက်ဝန်ကြီးချုပ်၏ပြောကြားချက်အရ အရပ်သား ၁၉ ဦး၊ ပါလီမန်လွှတ်တော်အမတ် ခြောက်ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးနှင့် ဟိုတယ်ဝန်ထမ်းနှစ်ဦးတို့ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။

ဆိုမာလီနိုင်ငံ၏ အန္တရာယ်အကြီးဆုံးအကြမ်းဖက် အုပ်စုဖြစ်သော အယ်လ်ရှာဘတ်စစ်သွေးကြွအုပ်စုက မိုဂါဒစ်ရှုးမြို့ရှိ အာဖရိကသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များကို စစ်ရေးအရ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီး ၂၄ နာရီမပြည့်မီမှာပင် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

မိုဂါဒစ်ရှုးမြို့ရှိ မူနာဟိုတယ်တိုက်ခိုက်ခံရမှုတွင် သေဆုံးဒဏ်ရာရရှိသူအရေအတွက်သည် နှစ်ရက်အတွင်း ၇၀ ကျော်မျှ ရှိခဲ့ရာ ဆိုမာလီသမိုင်းတွင် အသေအပျောက်အများဆုံး အကြမ်းဖက် တိုက်ခိုက်မှုအဖြစ် စာရင်းဝင်ခဲ့ပြီဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဆိုမာလီစစ်သွေးကြွများ တိုက်ခိုက်ခံခဲ့ရပြီးနောက် မိုဂါဒစ်ရှုးမြို့ရှိ မူနာဟိုတယ်ရှေ့တွင် စောင့်ကြပ်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လာရောက်ကြည့်ရှုနေကြသူများကို တွေ့ရစဉ်။ *ဓာတ်ပုံ -အမ်အင်အေဆင်ဟွာ။*

ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း သိသိသာသာနှေးကွေးနေ

တိုကျို ဩဂုတ် ၂၄

လက်ရှိဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်ကာလအတွင်း ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ သိသိသာသာနှေးကွေးလျက်ရှိသည်ကို တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များက ပြဆိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ယခုနှစ်ဧပြီလမှ ဇွန်လအတွင်း အမျိုးသား ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုစုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်နှုန်းမှာ သုညဒသမ ၁ ရာခိုင်နှုန်းသာရှိရာ မျှော်လင့်ထားသည်ထက် လွန်စွာနည်းပါးနေသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံ၏ ပို့ကုန်ဦးစားပေး စီးပွားရေးနာလန်ထူရေးအစီအမံများမှာလည်း ယန်းငွေတန်ဖိုးမြင့်တက်မှုကြောင့် အခြေအနေမလှဖြစ်ခဲ့ရကြောင်း ဝေဖန်သုံးသပ်သူများက ပြောကြားသည်။

လတ်တလောသတင်းများအရ အလားတူကာလအတွင်း ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုကိန်းဂဏန်းများမှာ ကောင်းမွန်မြင့်မားလျက်ရှိကြောင်း၊ ဂျာမနီက ၂ ဒသမ၂ ရာခိုင်နှုန်းထိမြင့်မားနေပြီး အမေရိကန်က စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၂ ဒသမ ၄ရာခိုင်နှုန်းရှိနေကြောင်း၊ ကမ္ဘာ့ဘဏ်ကိန်းဂဏန်းများအရ ယခုရာစုနှစ်၏ပထမရှစ်နှစ်တာကာလအတွင်း ဂျပန်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ၅ ရာခိုင်နှုန်းသာ ရှိခဲ့ချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၂၆၁ ရာခိုင်နှုန်းရှိခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ *အင်တာနက်။*

မြေအောက်တွင် ပိတ်မိနေသော မိုင်းလုပ်သားများအတွက် ဒုတိယမြောက် ထောက်ပံ့ရေးတွင်းတစ်ခု ချီလီထပ်မံတူးဖော်

ကိုပီယာပို ဩဂုတ် ၂၄

ချီလီနိုင်ငံ ကိုပီယာပိုမြို့၌ ဩဂုတ် ၅ ရက်က ပြိုကျခဲ့သော သတ္တုတွင်း၏ မြေအောက်အနက် မိုင်ဝက်ခန့်တွင် ချီလီသတ္တုတွင်းလုပ်သား ၃၃ဦးတို့သည် ၁၈ ရက်ကြာမျှ အသက်ရှင်လျက် ပိတ်မိနေဆဲဖြစ်သည်။

ချီလီကယ်ဆယ်ရေးဝန်ထမ်းများသည် ပိတ်မိနေသော အလုပ်သမားများအတွက် ရေဓာတ်ဖြည့်ဆည်းပေးနိုင်သော ဆေးပြားများ၊ ဂလူးကို့စ်နှင့် အောက်ဆီဂျင်များကို တနင်္ဂနွေနေ့က တွင်းဖော်ခဲ့သည့် တွင်းပေါက်မှတစ်ဆင့် မြေအောက်သို့ ချပေးလျက်ရှိကြောင်း ဩဂုတ် ၂၄ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုင်းတွင်းအလုပ်သမားများ ပိတ်မိနေသော မြေအောက်ခန်းသို့ ပေါက်သည့် ဒုတိယမြောက်တွင်းကို ချီလီကယ်ဆယ်ရေးသမားများက တနင်္လာနေ့တွင် တူးဖော်နိုင်ခဲ့ပြီး ၎င်းတွင်းပေါက်ကို မြေပြင်ပေါ်နှင့် မြေအောက်ဆက်သွယ်ရေးလမ်းကြောင်းအဖြစ် အသုံးပြုမည်ဖြစ်သည်။

တူးဖော်နေဆဲဖြစ်သော တတိယတွင်းပေါက်ကိုမူ အလုပ်သမားများ ပိတ်မိနေသည့် မြေအောက်ခန်း လေဝင်လေထွက်ကောင်းမွန်ရေးအတွက် အသုံးပြုမည်ဖြစ်သည်။

ပိတ်မိနေသူ မိုင်းလုပ်သားများကို မြေအောက်အနက် ပေ ၂၃၀၀မှ မြေပြင်ပေါ်သို့ ပြန်လည်ကယ်ထုတ်နိုင်ရန် အချိန်လေးလမျှယူရနိုင်ဖွယ်ရှိရာ ယင်းကာလအတွင်း ပိတ်မိနေသူ အလုပ်သမားများ၏ စိတ်ဓာတ်ပြိုကွဲမှု မရှိစေရေးအတွက် မည်သို့လုပ်ဆောင်ရမည်ကို ဆရာဝန်များနှင့် စိတ္တဗေဒပညာရှင်များက နည်းလမ်းရှာလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***



စန်ဟိုဆေးမိုင်းတွင်း ပိတ်ဆို့နေမှုနှင့် ထောက်ပံ့ရေးတွင်းတူးဖော်မှုပြ ဒေါင်လိုက်ဖြတ်ပိုင်းပုံ။

အမ်စတာဒမ်မှ သမိုင်းဝင် သစ်အယ်ပင်ကြီး မုန်တိုင်းကြောင့်လဲပြို

အမ်စတာဒမ် ဩဂုတ် ၂၄

ဒုတိယကမ္ဘာစစ်ကာလ နာဇီဂျာမနီတို့၏ လက်အောက်သို့ ကျရောက်ခဲ့စဉ်အတွင်း ပုန်းရှောင်နေခဲ့ရသည့် ဘဝအတွေ့အကြုံများကို နေ့စဉ်မှတ်တမ်းရေးသားခြင်းဖြင့် ကမ္ဘာကျော်ခဲ့သော ဒတ်ချ်အမျိုးသမီးငယ် အင်နီဖရန့်ခ်၏ မှတ်တမ်းတွင် ပါဝင်ခဲ့ခြင်းကြောင့် ထင်ရှားသည့် ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့မှ သက်တမ်းရင့် သစ်အယ်ပင်ကြီးမှာ ယမန်နေ့က တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် လဲပြိုသွားခဲ့ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ဒေသခံများက အင်နီဖရန့်ခ်သစ်ပင်ဟုခေါ်ကြသည့် သက်တမ်းနှစ် ၁၅၀ ရှိ သစ်အယ်ပင်ကြီးကို နာဇီခေတ်က ဆယ်ကျော်သက်အရွယ်သာရှိသေးသည့် မိန်းကလေးငယ်၏ နေ့စဉ်မှတ်တမ်းတွင် ဇာတ်ကောင်တစ်ခုအဖြစ် ထည့်သွင်းရေးသားခဲ့ခြင်းကြောင့် ထင်ရှားကျော်ကြားသော သစ်ပင်ကြီးတစ်ပင်ဖြစ်ခဲ့သည်။ ထို့အပြင်၎င်းရှင်သန်ခဲ့သည့် သက်တမ်းတစ်လျှောက် မြို့အုပ်ချုပ်ရေးအဖွဲ့များက ခုတ်လှဲရန် ကြိမ်ဖန်များစွာ ကြိုးပမ်းခဲ့သော်လည်း ဒေသခံများ၏ ကန့်ကွက်တားဆီးမှုများကြောင့် သမိုင်းဝင်သစ်ပင်တစ်ပင်အဖြစ် ဆက်လက်တည်ရှိခဲ့သည်။

၁၉၄၄ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်စွဲဖြင့် ရေးသားခဲ့သော အင်နီဖရန့်ခ်၏ နေ့စဉ်မှတ်တမ်းတစ်နေရာတွင် "မနက်တိုင်းလိုလို ထပ်ခိုးပေါ်ကိုသွားပြီး မွန်းကျပ်နေတဲ့ အဆုတ်ထဲက သက်ပြင်းမောတွေကို ထုတ်လွှတ်ပစ်ရတယ်၊ ကြမ်းပြင်ပေါ်က ကျွန်မအနှစ်သက်ဆုံး နေရာလေးကနေပြီး ကောင်းကင်ပြာနဲ့ သစ်ကိုင်းတွေပေါ်မှာ ငွေရောင် တောက်ပတဲ့ မိုးစက်ကလေးတွေ တွဲခိုနေတဲ့ အရွက်မဲ့သစ်အယ်ပင်ကြီးရယ်၊ ပင်လယ်စင်ရော်တွေနဲ့ တခြားငှက်တွေလေဟုန်စီးနေကြတာတွေရယ်ကို ကြည့်နေမိတယ်" ဟု ထည့်သွင်းရေးသားခဲ့သည်။ ***အင်တာနက်။***

ပထမကမ္ဘာစစ်ကာလ ဗြိတိန်စစ်သင်္ဘောများ အက်စ်တိုနီးယား ကမ်းလွန်ရေအောက်၌ တွေ့ရှိ

တယ်လင် ဩဂုတ် ၂၄

ဘောလ်တစ်ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်တွင် နစ်မြုပ်ခဲ့သော ပထမကမ္ဘာစစ်ကာလ ဗြိတိသျှစစ်သင်္ဘောသုံးစင်းကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း အက်စ်တိုနီးယားနိုင်ငံ စစ်ဘက်က ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

အက်စ်တိုနီးယားနိုင်ငံ တယ်လင်မြို့တော် အနောက်တောင်ဘက် မိုင် ၉၀ခန့်အကွာ ဆာရီမားကျွန်းအနီး၌ အက်စ်တိုနီးယား ရေတပ်သင်္ဘောတစ်စင်းက ရေအောက်ရှာဖွေရေးကိရိယာများ အသုံးပြုကာ နစ်မြုပ်နေသော ယင်းဗြိတိသျှစစ်သင်္ဘောသုံးစင်းကို ရှာဖွေထောက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

နစ်မြုပ်ခဲ့သော စစ်သင်္ဘောများအနက် စစ်ရေယာဉ် အိတ်ချ်အမ်အက်စ်ကတ်စန်ဒရာ**(အပေါ်ပုံ)**သည် ၁၉၁၈ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ရေမြှုပ်မိုင်း ထိမှန်နစ်မြုပ်ခဲ့ပြီး ရေတပ်သား ၁၀ဦးသေဆုံးခဲ့ကာ ကျန်၄၀၀ကျော်တို့ကို ပြန်လည်ကယ်တင်နိုင်ခဲ့သည်။

အလားတူ အခြားမိုင်းရှင်းသင်္ဘောနှစ်စင်းဖြစ်သော အိတ်ချ်အမ်အက်စ်ဂျင်ရှန်းနှင့် အိတ်ချ်အမ်အက်စ်မိုင်တယ်တို့သည် ၁၉၁၉ခုနှစ် ဇူလိုင် ၁၅ ရက်တွင် မိုင်းထိမှန်၍ တစ်နေ့တည်းနစ်မြုပ်ခဲ့ရသည်။ ယင်းသင်္ဘောနှစ်စင်း နစ်မြုပ်ရာတွင် သင်္ဘောသားကိုးဦး သေဆုံးသည်။

အဆိုပါ စစ်သင်္ဘောသုံးစင်းသည် ရေအောက်အနက် မီတာ ၆၀မှ မီတာ ၁၀၀အတွင်း နစ်မြုပ်တည်ရှိနေကြောင်း သိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဓမ္မပူဇာတရားရတနာ၊ ဓမ္မပူဇာအလင်္ကာနှင့် နိုင်ငံအကျိုးပြုတေးသီချင်းများ ရေးစပ်တင်ဆက်ခြင်းတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့်ဆောင်ရွက်ခဲ့သော ဓမ္မပူဇာ တရားရတနာ၊ ဓမ္မပူဇာအလင်္ကာနှင့် နိုင်ငံအကျိုးပြု တေးသီချင်းများ ရေးစပ်တင်ဆက်ခြင်းတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (A)ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ စာပေ၊ ဂီတနှင့် ရုပ်ရှင် အနုပညာရှင် အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့သော ဓမ္မပူဇာတရားရတနာ၊ ဓမ္မပူဇာအလင်္ကာနှင့် နိုင်ငံအကျိုးပြုတေးသီချင်းများ ရေးစပ်တင်ဆက်ခြင်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

အခမ်းအနားတွင် ဝန်ကြီးဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ နိုင်ငံအကျိုးပြု တေးသီချင်းများ ရေးစပ်တင်ဆက်ခြင်း အစီအစဉ်ကို ခေတ်ပေါ်သံစဉ်တေးဂီတများ၊ မြန်မာသံစဉ် တေးဂီတများ ပိုမိုထုတ်လုပ်ပြီး မြန်မာသံစဉ်တေးဂီတများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ တိုင်းပြည်နှင့် လူမျိုး အကျိုးအတွက် ဂီတဖြင့် အကျိုးပြုနိုင်ရေး၊ ဂန္ထဝင်တေးဂီတများ၊ ဂန္ထဝင်ဂီတ တေးရေး ဆရာများ၊ ဂန္ထဝင်တေးဂီတမျိုးများ ပေါ်ပေါက်လာစေရေး စသည့် ရည်ရွယ်ချက် (၃)ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

တေးသီချင်းများ ရေးစပ်နိုင်ရန်အတွက် ရည်ညွှန်း (THEMES) (၅) ချက်ကိုလည်း သတ်မှတ်ပေးခဲ့ကြောင်း၊ ယင်းတို့မှာ (၁)သွေးကွဲခြင်းအန္တရာယ်၊ (၂) အနာဂတ်နိုင်ငံတော်၊ (၃) အသိတရားနှင့်ယှဉ်၊ သတိတရားနှင့်ပေါင်းစပ်၊ (၄) ပြည်ထောင်စု၊ (၅)မြန်မာ့အလှတို့ဖြစ်ကြောင်း ဖော်ပြပါ ရည်ရွယ်ချက် (၃)ရပ်နှင့် ရည်ညွှန်း (THEMES) (၅)ချက် အပေါ် မြန်မာမှုတေးဂီတအဖွဲ့ ခုနစ်ဖွဲ့၊ ရေဒီယိုကာလပေါ်အသံလွှင့်အဖွဲ့ ၁၆ ဖွဲ့၊ မြို့နယ်ဂီတအစည်းအရုံးများနှင့် ဝါသနာရှင်အဖွဲ့ ကိုးဖွဲ့၊ စတီရီယိုတေးဂီတအဖွဲ့ ၁၈ ဖွဲ့၊ စုစုပေါင်း တေးဂီတအဖွဲ့ ၅၀ က တေးသီချင်းပုဒ်ရေ ၂၀၅ ပုဒ်ကို စိတ်အားထက်သန်စွာ ရေးသားစပ်ဆိုခဲ့ကြကြောင်း။

အဆိုပါ ရေးသားစပ်ဆိုခဲ့ကြသည့် တေးသီချင်းများအနက် ထူးခြားသည့် တေးသီချင်းအချို့ကို ဂုဏ်ပြုချီးမြှင့်ပြီး ကျန်တေးသီချင်းများ အားလုံးကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုသည့်အပြင် ရုပ်မြင်သံကြားအစီအစဉ်၊ ရေဒီယိုအစီအစဉ်နှင့် FM ရေဒီယိုအစီအစဉ်များတွင် တင်ဆက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် တိုင်းပြည်နှင့်လူမျိုးအတွက် အစဉ်အမြဲ မှန်ကန်လိုအပ်နေသည့်အချက်များဖြင့် ရေးသားဖော်ကျူးထားပြီး ရုပ်/သံ အစီအစဉ်များမှ အကြိမ်ကြိမ် ထပ်တလဲလဲ ထုတ်လွှင့်နေရဆဲဖြစ်သော နိုင်ငံအကျိုးပြု တေးသီချင်းဟောင်းများအတွက်လည်း ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ဓမ္မပူဇာတရားရတနာ၊ ဓမ္မပူဇာအလင်္ကာအစီအစဉ်များ ထုတ်လုပ်ရာတွင် ပါဝင်ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များကိုလည်း ဤအခမ်းအနား၌ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ဓမ္မပူဇာတရားရတနာ၊ ဓမ္မပူဇာအလင်္ကာနှင့် နိုင်ငံအကျိုးပြု တေးသီချင်းများ ရေးသားတင်ဆက်သည့် အစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် တေးရေး၊ တေးဆို ပညာရှင်များ၊ ဂီတပညာရှင်များနှင့် တီးဝိုင်းအဖွဲ့များ၊ ရိုက်ကူး၊ အသံဖမ်းပညာရှင်များ၊ သရုပ်ဆောင်အနုပညာရှင်များအား အထူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့သော ဓမ္မပူဇာတရားရတနာ၊ ဓမ္မပူဇာအလင်္ကာ ဓမ္မတေးထုတ်လုပ်ခြင်းနှင့် နိုင်ငံအကျိုးပြုတေးသီချင်းများ တင်ဆက်မှုအစီအစဉ်တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက ဓမ္မပူဇာတရားရတနာနှင့် ဓမ္မပူဇာအလင်္ကာ ဓမ္မတေး ထုတ်လုပ်ခြင်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော သာသနာရေးဦးစီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ တိပိဋကနိကာယ အနုပညာရှင်အဖွဲ့ဝင်များ၊ဓမ္မပူဇာအလင်္ကာသံစဉ် ဖန်တီးဆောင်ရွက်ပေးသူ ဂီတပညာရှင်များနှင့် စက်မှုပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီးက ၂၀၁၀ ခုနှစ် နိုင်ငံအကျိုးပြုတေးသီချင်းများ တင်ဆက်မှုအစီအစဉ်တွင် အကြိုက်ဆုံးတေးသီချင်းများနှင့် လက်ရွေးစင်တေးသီချင်းများအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော အနုပညာရှင်များ၊ တေးဂီတအဖွဲ့များနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက နိုင်ငံအကျိုးပြု တေးသီချင်းများ ရေးစပ်တင်ဆက်ခြင်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော တေးရေးစပ်သူဂီတပညာရှင်များ၊ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ အားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က နိုင်ငံအကျိုးပြု တေးသီချင်းများ ရေးစပ်တင်ဆက်ခြင်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော ဂုဏ်ပြုတေးရေးစပ်သူ ဂီတပညာရှင်များ၊ တေးသီချင်းသီဆိုသူ တေးသံရှင်များ၊ သရုပ်ဆောင်အနုပညာရှင်များ၊ တေးသရုပ်ဆောင်နှင့် ပါဝင်ကူညီသူများ၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၊ နိုင်ငံတော်ဆိုင်းဝိုင်းအဖွဲ့၊ အသံဖမ်းစက်မှုနှင့် ရိုက်ကူးရေးဝန်ထမ်းများ၊ ပြင်ပစက်မှုပညာရှင်များအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အနုပညာရှင်များကိုယ်စား မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အနုပညာရှင်များက နိုင်ငံအကျိုးပြု တေးသီချင်းများကို အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့၊ မိုးသောက်ပန်းတေးဂီတအဖွဲ့တို့နှင့် တွဲဖက်၍ ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

Myanmar WWW Institute က အိုင်တီအခြေခံနှင့် အဆင့်မြင့်နည်းပညာ သင်တန်းသစ်များ ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂၄

Myanmar WWW Institute ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းက အိုင်တီနည်းပညာသင်တန်းများ ဖြစ်သည့် အိုင်တီအခြေခံသင်တန်း၊ Website ရေးဆွဲနည်းသင်တန်းများနှင့် Advanced Flash CS3 သင်တန်းသစ်များကို စက်တင်ဘာလဆန်းပိုင်းမှ စတင်ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်သည်။

အိုင်တီအခြေခံသင်တန်းသည် Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ်လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် အင်တာနက်နှင့် အီးမေးလ်အသုံးပြုပုံတို့ကိုလည်း သင်ယူရမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခန့်သာကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် လေးရက် (တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ) တစ်ချိန်နှင့် (အင်္ဂါနှင့် ကြာသပတေး) တစ်ချိန်ရှိသဖြင့် မိမိနှင့် အဆင်ပြေမည့် အချိန်အား ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်သည်။

သင်တန်းတွင် Website တစ်ခုအား ဖန်တီးပုံကို အခြေခံမှစပြီး ကျွမ်းကျင် အဆင့်အထိရောက်အောင် သင်ကြားပေးမည်ဖြစ်သည်။ သက်ဆိုင်ရာ ဘာသာရပ်များ၏ Exam များ၊ Assignment များ၊ Project များကို သင်တန်းသားများအား ကိုယ်တိုင်ပြုလုပ်စေခြင်းဖြင့် ပိုမိုတတ်ကျွမ်းနားလည်စေမည်ဖြစ်သည်။ ထို့ပြင် Website ရေးဆွဲနည်း Course အား လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်စေရန် ရေးဆွဲထားခြင်းဖြစ်သဖြင့် လုပ်ငန်းခွင်ဝင်သည့်အခါတွင်လည်း အခက်အခဲမရှိ ဝင်ရောက်နိုင်မည်ဖြစ်သည်။ သင်တန်းချိန်များမှာ စနေ၊ တနင်္ဂနွေတစ်ချိန်၊ အင်္ဂါ၊ ကြာသပတေး တစ်ချိန်နှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ တစ်ချိန်ရှိပြီး မိမိနှင့် အဆင်ပြေမည့်အချိန်အား ရွေးချယ်တက်ရောက်နိုင်ကြောင်း သိရသည်။

ထို့ပြင် Animation များ ပြုလုပ်ခြင်း၊ Action Script များ အသုံးပြုပြီး မိမိ၏ Flash File အတွင်းရှိ ရုပ်ပုံလေးများကို Event များဖြင့် ထိန်းချုပ်ခြင်း၊ Symbol အသုံးပြုခြင်း၊ Flash File အချင်းချင်း ချိတ်ဆက်ခြင်း၊ Flash Component များကို အသုံးပြုခြင်းစသည်များကို လေ့လာသင်ယူရမည်ဖြစ်သည်။ ထို့ပြင် Web Designer များအတွက် အသုံးဝင်မည့် Flash Presentation များ၊ Slide Show များနှင့် ဂိမ်းပြုလုပ်ခြင်းများ၊ Website တစ်ခုလုံးကို Flash ဖြင့် ရေးဆွဲခြင်းများကို သင်ယူရမည်ဖြစ်သည်။ သင်တန်းချိန်မှာ တစ်ပတ်လျှင် နှစ်ရက် အင်္ဂါနှင့်ကြာသပတေး တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်လခွဲခန့် ကြာမြင့်မည်ဖြစ်သည်။

သင်တန်းသုံးမျိုးလုံးအား တန်းခွဲတစ်ခုလျှင် သင်တန်းသား၁၀ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်း ပေးသွင်းကြရမည်ဖြစ်သည်။ အဆိုပါ သင်တန်းများကို Myanmar WWW Institute တည်ရှိရာ အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစိတ်ကို သိရှိလိုပါက ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅ နှင့် ၆၅၂၂၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေး လုံခြုံရေးအတွက် မြို့မဈေး မီးဘေးလုံခြုံရေး ကြီးကြပ်မှုအဖွဲ့များ ဩဂုတ် ၂၀ ရက်က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပညာဉာဏ်ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသော နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်ထွန်းလာရေး လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် ဥယျာဉ်မှူးကောင်းများအဖြစ် ရပ်တည်ကြိုးပမ်းအားထုတ်

နေပြည်တော် ဩဂုတ် ၂၄

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၈) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမဦးကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီးများ၊ အထက်မြန်မာပြည် ဒုတိယ တရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃၈)ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များ၏ ရှိရင်းစွဲအရည်အသွေးများ ပိုမိုမြင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအား နယ်ပယ်ကဏ္ဍအလိုက် စွမ်းဆောင်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် စဉ်ဆက်မပြတ် ဆက်လက်ပြုစုပျိုးထောင်နိုင်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည် စီမံကိန်းကိုချမှတ်ပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍများ အချိတ်အဆက်မိမိဖြင့် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ထားရှိကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည် စီမံကိန်းကို ချမှတ်ခဲ့ရာတွင် ပညာရှင်အနည်းစု၏ စိတ်ကူးဆန္ဒဖြင့် ရေးဆွဲခဲ့ခြင်းမဟုတ်ဘဲ ခေတ်အဆက်ဆက် ပညာရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ပြီး အတွေ့အကြုံ ရင့်ကျက်သည့် နိုင်ငံတစ်ဝန်းလုံးရှိ ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ ပညာရေးစီမံခန့်ခွဲသူများ ပူးပေါင်းပါဝင်လျက် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြင့် အသင့်တော်ဆုံးသော နိုင်ငံတကာအဆင့်မီ လုပ်ငန်းစဉ်များအား လက်တွေ့ကျကျ ချမှတ်ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းသည် ရှေ့အနှစ် (၃၀)ကို မျှော်မှန်းချမှတ်ထားသည်နှင့်အညီ ကာလတို (၅) နှစ်စီမံကိန်းများနှင့် နှစ်စဉ် လုပ်ငန်းစီမံချက်များ ပိုင်းခြားပြီး ပညာရေးလုပ်ငန်းများအား နှစ်စဉ်ကျင်းပသည့် ပညာရေးနှီးနှောဖလှယ်ပွဲများတွင် ပြန်လည်သုံးသပ်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် စနစ်တကျ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ဒုတိယနှစ်တို (၅)နှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ကာလသို့ ရောက်ရှိ အကောင်အထည်ဖော်လျက်ရှိကြောင်း။

ပြုစုပျိုးထောင်

ယခုကဲ့သို့ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် အမျိုးသားရေးတာဝန်များကို တာဝန်ယူသယ်ပိုးထမ်းရွက်သွားကြမည့် အသိပညာရှင် အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းနေစေရေးအတွက် အခြေခံပညာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တပည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည်အခြေခံကောင်းများကို ငယ်ရွယ်စဉ်ကစပြီး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားမှသာ နိုင်ငံတော်၏ အဖိုးထိုက်ရတနာ သားကောင်းသမီးမွန်များအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

မျက်မှောက်ကာလ နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများ၊ စက်မှုနည်းပညာရပ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများက အခြားသော စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍများ အားလုံးအပေါ် လွှမ်းခြုံရိုက်ခတ်နေမှုကို အထင်အရှား တွေ့မြင်နေကြရမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ ရိုက်ခတ်မှုများကြောင့် လူမှုရေး၊ ယဉ်ကျေးမှု နယ်ပယ်အသီးသီးတွင် လျင်မြန်စွာထိုးဖောက်ပျံ့နှံ့မှု စွမ်းအားမြင့်မားသည့် သတင်းနည်းပညာအမျိုးမျိုးနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်သူလူထုများ၊ အထူးသဖြင့် အတွေ့အကြုံ အသိအမြင် နုနယ်သေးသော လူငယ်လူရွယ်များအကြား မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေး စရိုက်လက္ခဏာများနှင့် ကိုက်ညီမှုမရှိသည့် ပြည်ပအတွေးအခေါ်များ ထိုးဖောက်လွှမ်းမိုးမှု အန္တရာယ်ကို သတိပြုကြရမည်ဖြစ်ကြောင်း။

လေ့ကျင့်ပေး

ထို့ကြောင့် အနာဂတ်နိုင်ငံတော်အတွက် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်နေကြသည့် အခြေခံပညာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တပည့် ကျောင်းသား၊ ကျောင်းသူများအား စိတ်ဓာတ်အရာတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်သူများ၊ စည်းကမ်းအရာတွင် ကျင့်ဝတ်စောင့်ထိန်းပြီး တရားဥပဒေလေးစားလိုက်နာမှု မြင့်မားသူများ၊ ပညာအရာတွင် ဘက်စုံထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်ပျိုးထောင်ပေးသွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

- "ပညာသင်ကြားရေးတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုသည့် အခြေခံအချက်များအရေးကြီးကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာလိုချင်သည့်စိတ်ရှိပြီး စည်းကမ်းကောင်းရန်လည်း အရေးကြီးကြောင်း၊ စည်းကမ်းလျော့ရဲပါက ပညာတတ်မြောက်မှု၊ ပညာရည်ထူးချွန်မှု အားနည်းကြောင်း၊ ပညာတတ်ပြီးပါကလည်း စိတ်ဓာတ်၊ စည်းကမ်းကောင်းမှသာ တိုင်းပြည်အတွက် အကျိုးပြုနိုင်မှာဖြစ်ကြောင်း။
- ကျောင်းသား၊ ကျောင်းသူများကို တိုင်းပြည်အတွက် အကျိုးပြုမည့် စည်းကမ်း၊ စိတ်ဓာတ်ကောင်းပြီး ပညာထူးချွန်သူများဖြစ်စေရန် မူလတန်းမှစ၍ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့်အထိ အဆင့်ဆင့်ကွင်းဆက်မပြတ် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံအကျိုးပြုမည့် လူတော်လူကောင်းများ ဖြစ်လာစေရန် ဆရာ၊ ဆရာမများနှင့် ပညာရေးပိုင်း တာဝန်ခံကြသူအဆင့်ဆင့်တွင် တာဝန်ရှိကြောင်း"ဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလူငယ်များကို အခြေခံပညာကဏ္ဍမှ ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သကဲ့သို့ ဆရာ၊ ဆရာမများအနေဖြင့် ယခုဖွင့်လှစ်သည့်သင်တန်းတွင် လေ့လာသိရှိရမည့် နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်းနှင့် အနာဂတ်အလားအလာများကို အမျိုးသားရေးရှုထောင့်မှ သိမြင်ခံယူပြီး မိမိတို့ကိုယ်တိုင် နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်၍ အရည်အချင်း၊ အရည်အသွေးပြည့်ဝသော နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ၊ ဆရာမများအဖြစ် အစဉ်ရပ်တည်သွားနိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

စံပြုခံထားရ

ဆရာ၊ ဆရာမများသည် လူ့အဖွဲ့အစည်း၏ အသိမ်မွေ့ဆုံးနှင့် ကျယ်ပြန့်နက်ရှိုင်းသည့် လုပ်ငန်းတာဝန်များကို ယုံကြည်အပ်နှင်းခြင်းခံရသည့် မွန်မြတ်သောပုဂ္ဂိုလ်များဖြစ်သည့်အပြင် အနာဂတ်ကာလ၌ နိုင်ငံတော်က အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့သားကောင်းများနှင့် လူရည်မွန်များ ပြုစုပျိုးထောင်ပေးရေး လုပ်ငန်းများတွင် မိမိတို့၏ဘဝကို နှစ်မြှုပ်ပြီး ကြိုးပမ်းဆောင်ရွက်နေကြသူများအဖြစ် စံပြုခံထားရသူများဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ ပိုင်ဆိုင်ထားပြီးဖြစ်သည့် မွန်မြတ်သော ဂုဏ်ဒြပ်နှင့်အညီ မိမိတို့တာဝန်ကျရာ ရပ်ရွာ၊ ဒေသ၊ လူ့အဖွဲ့အစည်းတွင် ဆရာ့ကျင့်ဝတ်၊ ဆရာ့ဂုဏ်သိက္ခာ ပြည့်ဝမြင့်မားစွာဖြင့် လေးစားအတုယူထိုက်သည့် စံနမူနာပြုပုဂ္ဂိုလ်များ၊ ပညာဉာဏ်ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသော နိုင်ငံ့သားကောင်း သမီးမွန်များ ဖြစ်ထွန်းလာရေးအတွက် လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် ဥယျာဉ်မှူးကောင်းများအဖြစ် တင့်တင့်တယ်တယ်ဖြင့် ရပ်တည်ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃၈)သို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ် ကြာမြင့်မည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Pahtama Group က တင်သွင်းဖြန့်ချိသော Safeguard ဆပ်ပြာ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

Pahtama Group Co., Ltd. က တင်သွင်းဖြန့်ချိသော ကမ္ဘာကျော် အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Safeguard Anti-Bacterial ဆပ်ပြာမိတ်ဆက်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel(Ballroom)၌ ကျင်းပသည်။

အဆိုပါ မိတ်ဆက်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ကုန်သည်ကြီးများ၊ အနုပညာရှင်များနှင့် စာနယ်ဇင်းမီဒီယာများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ ရှေးဦးစွာ Pahtama Group ၏ Operation Director ကိုဖြိုးမင်းကျော်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ Business Manager မမိုမိုဘုန်းမော်က Safeguard ကုန်ပစ္စည်းအကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားရာ Safeguard ဆပ်ပြာမှာ ကူးစက်ရောဂါဆိုး ငါးမျိုးဖြစ်သည့် အအေးမိခြင်း၊ ဝမ်းလျှောခြင်း၊ ယားယံခြင်း၊ နမိုးနီးယားဖြစ်ခြင်း၊ ချောင်းဆိုးခြင်းတို့ကို ဖြစ်စေနိုင်သော ဗက်တီးရီးယားများအား ကာကွယ်ပေး၊ ဖယ်ရှားပေးနိုင်ကြောင်း၊ အရောင်၊ အနံ့ အမျိုးအစားစုံလင်စွာ ထုတ်လုပ်ထားခြင်းကြောင့် မိမိကြိုက်နှစ်သက်သည့် မွှေးရနံ့ကို ရွေးချယ်သုံးစွဲနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် Senior Sales Manager ကိုကျော်သူမြင့်က တက်ရောက်လာကြသည့် ကုန်သည်ကြီးများအတွက် အထူးအရောင်းအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဝယ်ယူအားပေးခဲ့ကြသော ကုန်သည်ကြီးများအား အထူးကံစမ်းမဲ အစီအစဉ်များဖြင့် ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ဝဲပုံ)(သတင်းစဉ်)

အကြိမ်(၂၆၀)မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၀၆၉ ဆု ဖွင့်လှစ်ပေးမည်

ရန်ကုန် ဩဂုတ် ၂၄

အကြိမ်(၂၆၀)မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ ငါးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၃ ဆု၊ ငွေကျပ် ၁၀သိန်း ၂၈၆ ဆု၊ ငွေကျပ် ငါးသိန်း သုံးဆု၊ ငွေကျပ် သုံးသိန်း ၁၄၄ ဆု၊ ငွေကျပ် နှစ်သိန်း ၁၂၆၀ ဆု၊ ငွေကျပ် တစ်သိန်း ၁၂၃၅၄ ဆု အပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ ဆု ဖြစ်သည်။ (သတင်းစဉ်)

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ

မီးဘေးကြိုတင်ကာကွယ်ရေး ဘုတလင်၌ လေ့ကျင့်

ဘုတလင် ဩဂုတ် ၂၄

မုံရွာခရိုင် ဘုတလင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး စီမံချက်အရ ဩဂုတ် ၅ ရက်က ကွင်းဆင်းကြီးကြပ်စစ်ဆေးမှုများ ဆောင်ရွက်ကြသည်။

အဆိုပါမြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကျော်အောင်မြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟဆွေနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဝင်းဇော်ထွေးတို့က ဈေးရုံတစ်ရုံချင်းအလိုက် ကွင်းဆင်းစစ်ဆေးကြသည်။ ထို့နောက် မြို့မဈေးကြီးရှေ့တွင် လက်တွေ့ သရုပ်ပြလျက် စုပေါင်းလေ့ကျင့်ကြကြောင်းသိရှိရသည်။(မြို့နယ်ပြန်/ဆက်)

ပြည်ထောင်စုတစ်ဝန်းလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ရည်မှန်း၍ အကောင်အထည်ဖော် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှု အစီအစဉ်များ လုပ်ဆောင်

အမှာစကား ပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေ မြဝတီမြို့နယ် အတွင်းကွင်းကလေးဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှု အစီအစဉ်များ လုပ်ဆောင်လျက်ရှိရာ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ)၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့နယ် အတွင်းကွင်းကလေးဒေသ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

တက်ရောက်

နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဒေသခံရပ်မိရပ်ဖများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ တိုင်းရင်းသားရိုးရာအက အဖွဲ့ဝင်များ၊ မြဝတီမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ တက်ရောက်ကြသည်။

တပ်ဆင်

အဆိုပါ အခမ်းအနားကို အစီအစဉ်အတိုင်းဆောင်ရွက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းတို့က နယ်ခြားစောင့်တပ်မှ အရာရှိများအား တပ်မတော်၏ရာထူး အဆင့်တံဆိပ်များကို တပ်ဆင်ပေးကြသည်။

ပေးအပ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အမှာစကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးမြှင့်ငွေများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းတို့က ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူးက လက်ခံသည်။

ထို့နောက် နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များသည် အကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် အတူ တေးသီချင်းများ သံပြိုင်သီဆို၍ ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြသည်။

ဆက်လက်၍ တိုင်းရင်းသားအကအဖွဲ့များအား တွဲဖက်စစ်ရေးချုပ်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းသည့် အခမ်းအနားတွင် တပ်ဖွဲ့ဝင်များအား စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သစ္စာအဓိဋ္ဌာန် ရွတ်ဆို

မြဝတီမြို့နယ် အတွင်းကွင်းကလေးဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြစဉ်။

(သတင်းစဉ်)

မြဝတီမြို့နယ် အတွင်းကွင်းကလေးဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ အကအဖွဲ့များ၊ ဒေသခံပြည်သူများက တေးသီချင်းများ သံပြိုင်သီဆို၍ ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က ကြီးကြပ်၍ (၂၂)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်မှ ၁၂ ရက်ထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် သက်ဆိုင်ရာ ကစားကွင်းများ၌ ကျင်းပမည်ဖြစ်သည်။

စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ပြေးခုန်ပစ်ပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ကွင်း၌ လည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် ရေကူးပြိုင်ပွဲကို အမျိုးသား ရေကူးကန်နှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌ လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ထိုင်လျက် ဘော်လီဘောပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ လည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်တွင် ကြက်တောင်ရိုက်ပြိုင်ပွဲကို အမျိုးသားကြက်တောင်ရုံသစ်၌ လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို တပ်မတော်ကွင်း၌ လည်းကောင်း၊ စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်ထိ မျက်မမြင် စစ်တုရင်ပြိုင်ပွဲကို စစ်တုရင်အဖွဲ့ချုပ်ရုံးခန်း၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အကြောင်းကြားစာများကို ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ မသန်စွမ်းအဖွဲ့အစည်းများသို့ ပေးပို့ထားကြောင်းနှင့် ပြိုင်ပွဲဝင်အမည်စာရင်းများကို အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၈၂၄၅၅ သို့ စက်တင်ဘာ ၅ ရက်အရောက် ဆက်သွယ်သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

သွေးချင်းတို့ရဲ့ စုပေါင်းအား၊ နိုင်ငံတော်အတွက် သားကောင်းမျ

ကမ္ဘာ့နိုင်ငံအသီးသီးမှာ လူမျိုးစုတစ်ခုတည်းရှိတဲ့ နိုင်ငံဆိုတာ မရှိသလောက်ရှားပါတယ်။ အများစုကတော့ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်တဲ့ နိုင်ငံအများအပြားဖြစ်ကြပါတယ်။ အထူးသဖြင့် ပြည်ထောင်စုနိုင်ငံများဟာ လူမျိုး၊ ဘာသာ ရိုးရာဓလေ့ ကွဲပြားခြားနားတဲ့ တိုင်းရင်းသားလူမျိုးစုများကို စုစည်းထားတဲ့နိုင်ငံများဖြစ်ကြပါတယ်။ ဒီလိုပြည်ထောင်စုပုံသဏ္ဌာန်နဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံများအတွင်း မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုဟာ နိုင်ငံမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အလွန်အင်မတန် အရေးကြီးလှပါတယ်။ တိုင်းရင်းသားလူမျိုးစုများအကြား စည်းလုံးညီညွတ်မှုပြိုကွဲခဲ့လို့ အင်အားကြီးမားတဲ့ နိုင်ငံကြီးများပင် မယုံကြည်နိုင်လောက်အောင် ပြိုကွဲပျက်စီးခဲ့ရတဲ့ဖြစ်စဉ်သာဓကများကို သမိုင်းကြောင်းမှာ အထင်အရှားမြင်တွေ့ရမှာဖြစ်ပါတယ်။

စည်းလုံးညီညွတ်မှုအားနည်းခဲ့လို့ ပြိုကွဲသွားတဲ့ ပြည်ထောင်စုနိုင်ငံများနဲ့ တစ်စစီခွဲထွက်ပြီး တည်ငြိမ်မှုကင်းမဲ့နေတဲ့ နိုင်ငံငယ်လေးများရဲ့ ဆိုးရွားတဲ့အနိဋ္ဌာရုံများကို သင်ခန်းစာယူကြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုနိုင်ငံတစ်ခုမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဟာ ပြည်ထောင်စုနိုင်ငံတော်ကို ကာကွယ်နိုင်တဲ့အင်အားဖြစ်သလို ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွန်အားများလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာပေါ်မှာရှိတဲ့ ပြည်ထောင်စုနိုင်ငံများဟာ နိုင်ငံမပြိုကွဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မဖြစ်မနေလုပ်ဆောင်နေကြတာ မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံဟာ အတိတ်ကကိုယ့်မင်းကိုယ့်ချင်းဘဝနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူပူအမျှနေထိုင်ခဲ့ရာကနေ စည်းလုံးညီညွတ်မှုအားနည်းခဲ့လို့ ကိုလိုနီဘဝ ကျရောက်ခဲ့ရပါတယ်။ ကိုလိုနီဘဝမှာလည်း နယ်ချဲ့တို့ရဲ့ သွေးခွဲအုပ်ချုပ်မှုစနစ် (Divided and Rule) ကြောင့် တိုင်းရင်းသားများအချင်းချင်း အထင်အမြင်လွဲမှားမှုများ ဖြစ်ခဲ့ရပြီး စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရပါတယ်။ နယ်ချဲ့တို့ ဖန်တီးပေးခဲ့တဲ့ သွေးခွဲမှုပြဿနာအဖုံဖုံကြောင့် ကိုလိုနီအမွေဆိုးအဖြစ် လွတ်လပ်ရေးနဲ့အတူ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းသူများ ပေါ်ပေါက်ခဲ့ရပါတယ်။ အကျိုးဆက်ကတော့ လွတ်လပ်ရေးရရှိခဲ့ပေမယ့်လည်း ပြည်တွင်းသောင်းကျန်းမှု သံသရာရှည်နေတဲ့အတွက် နယ်ပယ်အသီးသီးမှာ ခေတ်နောက်ကျကျန်ခဲ့ရပါတယ်။ အထူးသဖြင့် နယ်စပ်ဒေသများဟာ ဖွံ့ဖြိုးတိုးတက်မှုအားနည်းခဲ့သလို စစ်ရဲ့အနိဋ္ဌာရုံများကို ခါးသီးစွာ ခံစားခဲ့ကြရပါတယ်။

လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာခဲ့တဲ့ ပြည်တွင်းသောင်းကျန်းမှုများ ချုပ်ငြိမ်းအောင် ခေတ်အဆက်ဆက် အစိုးရအဖွဲ့အသီးသီးက နည်းလမ်းမျိုးစုံနဲ့ ကြိုးစားခဲ့ကြပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာလည်း နိုင်ငံတော်အာဏာကို လွှဲပြောင်းတာဝန်ယူချိန်ကစပြီး ခေတ်အဆက်ဆက်က မဖြေရှင်းနိုင်ခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှု နိဂုံးချုပ်စေဖို့ လုပ်ဆောင်ခဲ့ပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း တပ်မတော်ဟာ ၁၉၈၈ ခုနှစ်က မလွှဲမရှောင်သာ နိုင်ငံတော်ရဲ့ တာဝန် အရပ်ရပ်ကို ထိန်းသိမ်းလွှဲပြောင်းတာဝန်ယူချိန်ကစပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုရှိရေး၊ စီးပွားရေး တိုးတက်ကောင်းမွန်ရေးနဲ့ ပြည်သူလူထုများရဲ့ အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေးတို့ကို ရည်မှန်းချက်ထားက ဘက်ပေါင်းစုံက လုပ်ဆောင်ခဲ့ပါတယ်။ ဒီလို လုပ်ဆောင်နိုင်ဖို့ အဓိက အရေးအကြီးဆုံးက ပြည်တွင်းတည်ငြိမ်အေးချမ်းရေး ရရှိဖို့လိုအပ်တဲ့အတွက် အယူအဆအမျိုးမျိုးနဲ့ လက်နက်ဆွဲကိုင်နေတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေကို တရားဥပဒေဘောင်အတွင်း ပြန်လည် ရောက်ရှိအောင် စည်းရုံးဆောင်ရွက်ခဲ့ရပါတယ်။

တိုင်းရင်းသားလူမျိုး(၁၀၀)ကျော်နဲ့ ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့နိုင်ငံမှာ ယခင်က လူမျိုးစွဲလက်နက်ကိုင်အဖွဲ့အစည်းများ၊ အယူဝါဒစွဲသောင်းကျန်းသူများ၊ မူးယစ်အပါအဝင် စီးပွားရေးအရ လက်နက်ကိုင်အုပ်စုများ စသဖြင့် ပုံစံအမျိုးမျိုးနဲ့ ရှိနေခဲ့ပါတယ်။ အယူဝါဒမတူညီသူများကို တပ်မတော်အစိုးရက အမျိုးသားရေး မူဝါဒဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး(၃)ပါး ချမှတ်ပြီး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ဦးတည်ချက်(၁၂)ရပ်အနက် နိုင်ငံရေးဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ရည်မှန်းချက်အောင်မြင်မှုရှိအောင် နားလည်မှုနဲ့ သဘောထားကြီးကြီးထားပြီး ငြိမ်းချမ်းရေးကမ်းလှမ်းကာ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ပါတယ်။ တပ်မတော်အစိုးရရဲ့ ပြတ်သားတိကျတဲ့ အမျိုးသားရေးဝါဒနဲ့ မှန်ကန်တဲ့ နိုင်ငံရေးဦးတည်ချက်များကို နားလည်လက်ခံယုံကြည်တဲ့ တိုင်းရင်းသားသွေးချင်းညီအစ်ကိုများဟာ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တိုင်းရင်းသား စည်းလုံးချစ်ကြည် ညီညွတ်ရေး လမ်းကြောင်းအမှန်ကို လျှောက်လှမ်းခဲ့ကြပါတယ်။

တိုင်းရင်းသားသွေးချင်းညီအစ်ကိုများအပေါ် ထားရှိတဲ့ တပ်မတော်ရဲ့သဘောထားအမှန်နဲ့ နယ်မြေဒေသအကျိုးစီးပွားအတွက် စေတနာထား လုပ်ဆောင်ပေးမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဟာ ၁၉၈၉ ခုနှစ်ကစပြီး တစ်ဖွဲ့ပြီးတစ်ဖွဲ့ တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြပါတယ်။ အမှန်စင်စစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခြင်းဟာ ဒေသခံပြည်သူလူထုများရဲ့ ပကတိဆန္ဒအတိုင်း ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းခဲ့ခြင်းဖြစ်သလို ပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့အညီ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို စွန့်လွှတ်ခဲ့ကြခြင်းပဲ ဖြစ်ပါလိမ့်မယ်။

ဒါ့ကြောင့်မို့လည်း ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံဟာ မည်သည့်ကာလအချိန်အခါနှင့်မျှမတူဘဲ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့သလို နိုင်ငံသမိုင်းတစ်လျှောက် မကြုံစဖူးထူးကဲစွာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ရရှိနေချိန်လည်း ဖြစ်ပါတယ်။ တစ်ဖက်ကလည်း ငြိမ်းချမ်းရေးရရှိပြီးဖြစ်တဲ့ နယ်မြေဒေသတွေကို ဖွံ့ဖြိုးတိုးတက်ဖို့ အရှိန်အဟုန်နဲ့ လုပ်ကိုင်နိုင်အောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သလို တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ တိုင်းရင်းသားအဖွဲ့အစည်းများကို အထူးဒေသများသတ်မှတ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပါဝင်လုပ်ကိုင် ဆောင်ရွက်နိုင်အောင် စီမံပေးခဲ့ပါတယ်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီးဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့အစည်းများက နိုင်ငံတော်ရဲ့အစီအစဉ်များအတိုင်း အတူလက်တွဲ လုပ်ဆောင်ခဲ့ကြလို့ နယ်မြေတည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုး တိုးတက်မှုအကျိုးကျေးဇူးတွေကို ပြည်သူများရရှိခံစားခဲ့ရပါတယ်။ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးနောက် နယ်စပ်ဒေသဖွံ့ဖြိုးမှုများဟာ သိသိသာသာတိုးတက်လာခဲ့ပါတယ်။ ဒေသခံပြည်သူလူထုအနေနဲ့ ငြိမ်းချမ်းရေးရဲ့အရသာကို အပြည့်အဝ ခံစားခဲ့ကြရသလို ငြိမ်းချမ်းရေးရဲ့ အကျိုးကျေးဇူးတွေကြောင့် တစ်ဦးချင်းမှသည် တည်ငြိမ်အေးချမ်းသည့် မိသားစုဘဝများ ရရှိစေရေးအတွက် ထာဝရငြိမ်းချမ်းရေးကို ဆန္ဒပြင်းပြစွာနဲ့လိုလားတောင့်တလျက်ရှိပါတယ်။

တရားဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်တဲ့ လက်ရှိတိုင်းရင်းသားအဖွဲ့အစည်းများဟာ ငြိမ်းချမ်းရေးအဖွဲ့အစည်းအနေဖြင့်သာရှိနေပြီး ယုံကြည်မှု၊ နားလည်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေကြရပါတယ်။ ငြိမ်းချမ်းရေးစတင်ရယူစဉ်က ဆွေးနွေးညှိနှိုင်းချက်များအရ အဲဒီအဖွဲ့အစည်းတွေရဲ့ ရပ်တည်မှုပုံသဏ္ဌာန်ဟာ လိုအပ်လာချိန်မှာ နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားတဲ့ တရားဥပဒေများအတိုင်းသာ ရှိနေရမှာဖြစ်ပါတယ်။

ဒီကနေ့နိုင်ငံတော်အစိုးရဟာ ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တနေတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ပုံဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မကြာမီကျင်းပပြုလုပ်တော့မယ့် ရွေးကောက်ပွဲပြီးရင် ပြည်သူအများစု ထောက်ခံအတည်ပြုထားတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီအစိုးရသစ်တစ်ရပ် မလွဲမသွေပေါ်ထွန်းလာတော့မှာဖြစ်ပါတယ်။

လက်ရှိတပ်မတော်အစိုးရဟာ နိုင်ငံတော်အာဏာအရပ်ရပ်ကို အဲ့ဒီရွေးကောက်ပွဲကနေ တင်မြှောက်ခြင်းခံရတဲ့ အစိုးရအဖွဲ့သစ်ကို လွှဲပြောင်းပေးသွားပါလိမ့်မယ်။ ဒီလိုလွှဲပြောင်းပေးရာမှာ တပ်မတော်အစိုးရလက်ထက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီးဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့အစည်းများရဲ့ ရပ်တည်မှုပုံသဏ္ဌာန်ကို ဖြစ်ပေါ်လာမယ့် ဒီမိုကရေစီနိုင်ငံတော်သစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်နှင့်အညီ ဥပဒေဘောင်အတွင်း တည်တည်ငြိမ်ငြိမ်ရှိနေအောင် လုပ်ဆောင်ပေးရပါလိမ့်မယ်။

တိုင်းရင်းသားအဖွဲ့အစည်းတွေဟာ တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေကို လုပ်ဖော်ကိုင်ဖက်အဖြစ် လက်တွဲလုပ်ခဲ့ကြသူများဖြစ်လို့ အတိတ်ကခါးသီးတဲ့ သမိုင်းကြောင်းကို မေ့ပျောက်ပြီး ရှေ့ဆက်ရမယ့် အနာဂတ်ခရီးအတွက် လမ်းကြောင်းအမှန်ကို ပုံဖော်ပေးလျက်ရှိပါတယ်။ ဒီလိုပုံဖော်ပေးရာမှာ သူတို့တွေရဲ့ ဘဝအာမခံချက်ရှိရေးနဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုရှိရေး ရည်မှန်းချက်ထားပြီး အသ[...] စဉ်များကို တစ်ဆင့်ပြီးတစ်ဆ[...] ဆောင်ရွက်ပေးလျက်ရှိနေပါတယ[...] ခြင်းဟာ အမျိုးသား စည်းလုံးညီည[...] တည်ဆောက်ထားခြင်းဖြစ်လို့ နို[...] ပေးနေတဲ့ အသွင်ကူးပြောင်းခြင်း[...] ရေးအတွက် လမ်းကြောင်းအမှန်[...]

- **တိုင်းရင်းသားအဖွဲ့အစည်းတွေဟာ တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေကို လုပ်ဖော်ကိုင်ဖက်အဖြစ် လက်တွဲလုပ်ခဲ့ကြသူများဖြစ်လို့ အတိတ်ကခါးသီးတဲ့သမိုင်းကြောင်းကို မေ့ပျောက်ပြီး ရှေ့ဆက်ရမယ့်အနာဂတ်ခရီးအတွက် လမ်းကြောင်းအမှန်ကို ပုံဖော်ပေးလျက်ရှိ။**
- **ဒီလိုပုံဖော်ပေးရာမှာ သူတို့တွေရဲ့ ဘဝအာမခံချက်ရှိရေးနဲ့ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုရှိရေး ရည်မှန်းချက်ထားပြီး အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် သိမ်မွေ့ညင်သာစွာ ဆောင်ရွက်ပေးလျက်ရှိနေ။**
- **ငြိမ်းချမ်းရေး ရယူထားခြင်းဟာ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ယုံကြည်မှု တည်ဆောက်ထားခြင်းဖြစ်လို့ နိုင်ငံတော်အစိုးရက ပုံဖော်ပေးနေတဲ့ အသွင်ကူးပြောင်းခြင်းသည်သာ ထာဝရငြိမ်းချမ်းရေးအတွက် လမ်းကြောင်းအမှန်ဖြစ်။**

ထာဝရငြိမ်းချမ်းရေးအတွက် [...] လုပ်ငန်းဆောင်ရွက်ရာမှာ သွေးချင်း[...] နယ်မြေ ဒေသရဲ့ပထဝီအနေအထ[...] လိုအင်ဆန္ဒများပေါ်မူတည်ပြီး [...] တရားဝင် ရပ်တည်နိုင်အောင် နိုင်[...] အမှန်နဲ့ လက်တွဲခေါ်ယူလျက်ရှိ[...] ပြည်ထောင်စုတစ်ဝန်းမှာရှိတဲ့ တို[...] ဒေသခံပြည်သူများရဲ့ လိုအင်ဆန္ဒ[...] လုပ်ငန်းစဉ်ဖြစ်တဲ့ နယ်ခြားစောင့်[...] စစ်အဖွဲ့ ဖွဲ့စည်းခြင်းအပါအဝင် [...] အသစ်ရဲ့ အုပ်ချုပ်ရေးယန္တရားမှာ [...] တာဝန်ထမ်းဆောင်နိုင်အောင် နို[...] ညီညီဆောင်ရွက်နေကြပြီဖြစ်ပါ[...] တိုင်းရင်းသား အဖွဲ့အစည်းများကို[...] နားလည်မှုရှိရှိနဲ့ စိတ်ရှည်လက်ရှ[...] ရှိပါတယ်။

ထာဝရငြိမ်းချမ်းရေးအတွက် န[...] စစ်အဖွဲ့များအဖြစ် အသွင်ကူး[...] အဖွဲ့အစည်းများဟာ မကြာမီမှာဖြ[...] နိုင်ငံတော်အသစ်မှာ ဖွဲ့စည်းပုံ[...] လက်နက်ကိုင်ဆောင်ခွင့် တ[...] ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကွပ်ကဲ[...] လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်[...] ရရှိတော့မယ့် နိုင်ငံ့သားကောင်း[...] မွန်မြတ်လှတဲ့ နိုင်ငံတော်ကာကွယ်[...] ရမယ့် နိုင်ငံ့သားကောင်းများကို နိုင်[...] ခန့်အပ်တာဝန်ပေးအပ်ထားခြင်းဖြစ်[...] ကမ္ဘာ့နိုင်ငံများကပါ အသိအမှတ်[...]

တစ်ချိန်က နားလည်မှုနှင့် လ[...] တွေကို နိုင်ငံ့ဝန်ထမ်းများအဖြစ် [...] ပေးပြီးဖြစ်လို့ နယ်စပ်ဒေသကို[...] ဥပဒေများနှင့်အညီ ထိရောက်စွ[...] အင်အားစုများ ဖြစ်လာပါလိမ့်မ[...] တိုင်းရင်းသားသွေးချင်း ညီအစ်[...] ထားတဲ့ အင်အားများဖြစ်လို့ ပြည[...] အတွက် ထိန်းသိမ်းကာကွယ်[...] အင်အားများဖြစ်ပါတယ်။ တစ်နည်[...] ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်[...] ညီအစ်ကိုမောင်နှမအားလုံးကို [...] တည်းဖြစ်အောင် သွေးညှိပေး[...] သားကောင်းများဖြစ်ကြောင်း [...] ပါတယ်။

ဒါကြောင့်မို့ အသွင်ကူးပြေ[...] အဖွဲ့အစည်းတွေအပေါ် နိုင်ငံတေ[...] စောင့်ရှောက်မှုတွေ ပြုလုပ်ပေးလေ[...] အဖွဲ့အစည်းများကလည်း နိုင်[...] ဒေသကာကွယ်ရေးအတွက် အ[...] မှန်ကန်စွာနဲ့အေးချမ်းသာယာ[...] ဒီမိုကရေစီနိုင်ငံတော်သစ် အသွင်[...] များမှာ ထာဝရငြိမ်းချမ်းရေးလမ်း[...] လျှောက်လှမ်းကြပါလို့ တိုက်တွန်း[...]

...တားကောင်းများ

အောင်ရှင်း

ရှိရေး ရည်မှန်းချက်ထားပြီး အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် သိမ်မွေ့ညင်သာစွာ ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ငြိမ်းချမ်းရေးရယူထားခြင်းဟာ အမျိုးသား စည်းလုံးညီညွတ်ရေးအတွက် ယုံကြည်မှုတည်ဆောက်ထားခြင်းဖြစ်လို့ နိုင်ငံတော်အစိုးရက ပုံဖော်ပေးနေတဲ့ အသွင်ကူးပြောင်းခြင်းသည်သာ ထာဝရငြိမ်းချမ်းရေးအတွက် လမ်းကြောင်းအမှန်ဖြစ်ပါတယ်။

ထာဝရငြိမ်းချမ်းရေးအတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းဆောင်ရွက်ရာမှာ သွေးချင်းညီအစ်ကိုတွေရဲ့ ဓလေ့ထုံးစံ၊ နယ်မြေ ဒေသရဲ့ပထဝီအနေအထား၊ ဒေသခံပြည်သူတွေရဲ့ လိုအင်ဆန္ဒများပေါ်မူတည်ပြီး ဥပဒေဘောင်အတွင်းမှာ တရားဝင် ရပ်တည်နိုင်အောင် နိုင်ငံတော်အစိုးရက စေတနာအမှန်နဲ့ လက်တွဲခေါ်ယူလျက်ရှိပါတယ်။ ဒါကြောင့်လည်း ပြည်ထောင်စုတစ်ဝန်းမှာရှိတဲ့ တိုင်းရင်းသားအဖွဲ့(၂၀)ဖွဲ့ဟာ ဒေသခံပြည်သူများရဲ့ လိုအင်ဆန္ဒအရ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ဖြစ်တဲ့ နယ်ခြားစောင့်တပ် ဖွဲ့စည်းခြင်း၊ ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းခြင်းအပါအဝင် ဖြစ်ပေါ်လာမယ့် နိုင်ငံတော်အသစ်ရဲ့ အုပ်ချုပ်ရေးယန္တရားမှာ နိုင်ငံရေးလမ်းကြောင်းအရ တာဝန်ထမ်းဆောင်နိုင်အောင် နိုင်ငံတော်အစိုးရနဲ့ ဟန်ချက်ညီညီဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသား အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်အစိုးရက နားလည်မှုရှိရှိနဲ့ စိတ်ရှည်လက်ရှည် လက်တွဲခေါ်ယူလျက်ရှိပါတယ်။

ထာဝရငြိမ်းချမ်းရေးအတွက် နယ်ခြားစောင့်တပ်နဲ့ ပြည်သူ့စစ်အဖွဲ့များအဖြစ် အသွင်ကူးပြောင်းခဲ့တဲ့ တိုင်းရင်းသားအဖွဲ့အစည်းများဟာ မကြာမီမှာဖြစ်ပေါ်လာမယ့် ဒီမိုကရေစီနိုင်ငံတော်အသစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လက်နက်ကိုင်ဆောင်ခွင့် တရားဝင်ရရှိပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ခွင့်ရရှိတော့မယ့် နိုင်ငံ့သားကောင်းများ ဖြစ်လာပါလိမ့်မယ်။ မွန်မြတ်လှတဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမယ့် နိုင်ငံ့သားကောင်းများကို နိုင်ငံတော်အစိုးရက တရားဝင်ခန့်အပ်တာဝန်ပေးအပ်ထားခြင်းဖြစ်လို့ နိုင်ငံအတွင်းမှာသာမက ကမ္ဘာ့နိုင်ငံများကပါ အသိအမှတ်ပြုနေကြပြီ ဖြစ်ပါတယ်။

တစ်ချိန်က နားလည်မှုနှင့် လက်နက်ကိုင်ဆောင်ထားသူတွေကို နိုင်ငံ့ဝန်ထမ်းများအဖြစ် တရားဝင် အသိအမှတ်ပြုပေးပြီးဖြစ်လို့ နယ်စပ်ဒေသကိစ္စရပ်တွေမှာ နိုင်ငံတကာဥပဒေများနှင့်အညီ ထိရောက်စွာ အကျိုးပြုနိုင်တော့မယ့် အင်အားစုများ ဖြစ်လာပါလိမ့်မယ်။ ဒီအင်အားစုများဟာ တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများ စုပေါင်းထားတဲ့ အင်အားများဖြစ်လို့ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မယ့် အမာခံအင်အားများဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်ထောင်စုကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမအားလုံးကို တစ်သွေးတည်း၊ တစ်သားတည်းဖြစ်အောင် သွေးညှိပေးထားတဲ့ နိုင်ငံတော်ရဲ့ သားကောင်းများဖြစ်ကြောင်း ဂုဏ်ပြုတင်စားလိုက်ချင်ပါတယ်။

ဒါကြောင့်မို့ အသွင်ကူးပြောင်းလာတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေအပေါ် နိုင်ငံတော်အစိုးရက အလုံးစုံ ကူညီစောင့်ရှောက်မှုတွေ ပြုလုပ်ပေးလျက်ရှိသလို တိုင်းရင်းသားအဖွဲ့အစည်းများကလည်း နိုင်ငံတော်လုံခြုံရေး၊ နယ်မြေဒေသကာကွယ်ရေးအတွက် အတွေးအခေါ် အသိအမြင်မှန်ကန်စွာနဲ့အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များမှာ ထာဝရငြိမ်းချမ်းရေးလမ်းကြောင်းမှန်အတိုင်း လက်တွဲလျှောက်လှမ်းကြပါလို့ တိုက်တွန်းတင်ပြလိုက်ရပါတယ်။ ။

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီများအနက် **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၇)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၄၂)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြသည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၂) ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့် ပါတီမှာ (၂၆)ပါတီ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိသော မြိုင်ရတနာလေးထပ်ဈေး ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးတင်ကိုကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၄

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၃)တွင် "Political Times"အထူးအချပ်ပိုအပါအဝင် "နိုဝင်ဘာ ၇ ရက်သို့ ဦးတည် ပါတီတွေအရှိန်မြှင့်ကြပြီ" နိုင်ငံရေးသုံးသပ်မျက်နှာဖုံးဆောင်းပါး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့် တွေ့ဆုံခြင်း၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် တိုင်း(၇)တိုင်းကို တိုင်းဒေသကြီးအဖြစ် ပြောင်းလဲ၊ ဆရာမောင်စူးစမ်း ရေးသားသည့် "ရက်ပေါင်း ၉၀ နှင့် ကိန်းသေငါးပါး"၊ ဆရာမောင်ဝံသ ရေးသားသည့် "ပန်းတိုင်ကိုဘာကြောင့်မရောက်ခဲ့သနည်း"၊ ဆရာမောင်သာနု ရေးသားသည့် "ပြည်သူများအတွက် တောက်ပသော မျှော်လင့်ချက်" စသည့် နိုင်ငံရေး သုံးသပ်ဆောင်းပါးများ၊ အဲပုဂံ ATR 72 လေယာဉ်များတွင် မြန်မာအမျိုးသမီးလေယာဉ်မှူးများ စတင်မောင်းနှင်တော့မည်၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ ငါးနှစ်အတွင်း စံချိန်တင်၊ မြန်မာနှင့်ကိုရီးယားနှစ်နိုင်ငံဘဏ်များအကြား ပို့ကုန်ငွေလွှဲရာတွင် ယူရိုဖြင့်သာ စာရင်းဖွင့်နိုင်တော့မည်၊ ပြည်ပသို့ ဆန်တင်ပို့မှု ဆန်စပါးလုပ်ငန်းအသင်းမှတစ်ဆင့် ဆောင်ရွက်ရန်မလိုဘဲ စီးပွားကူးသန်းသို့ တိုက်ရိုက်လျှောက်ထားနိုင်၊ နာနိုနည်းပညာသုံး တန်ဖိုးနည်း တာတာကားများ ပြည်တွင်းတွင် ထုတ်လုပ်တော့မည်၊ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ညအိပ်ရပ်နားထားသည့် မော်တော်ယာဉ်တစ်စီး ပျောက်ဆုံးမှုဖြစ်ပွား၊ အင်းလေးကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးဆောင်နေသော သစ်တောနှင့် သဘာဝသယံဇာတ ထိန်းသိမ်းရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းနှင့်တွေ့ဆုံခြင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ပြည်သူလူထုနှင့် ပါတီရွေးချယ်မှု"၊ "ကိုယ့်ရည်မှန်းချက်က ဘာဖြစ်တယ်ဆိုတာ မဖော်ပြတတ်ဘူး" မိုးဟေကိုနှင့်တွေ့ဆုံခြင်း စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စီးပွားရေး အားကောင်းလာသည့် တရုတ် ဂျပန်ကိုကျော်တက်ပြီး နံပါတ်(၂)နေရာရောက်လာ၊ စင်ကာပူနာမည်ကြီး အရုပ်ဆိုင်များမှ အရုပ်များကျန်းမာရေးထိခိုက်စေသော ဓာတုပစ္စည်းလွန်ကဲစွာ ပါဝင်နေကြောင်း တွေ့ရှိ၊ ပါရမီရှင် ပန်းချီဆရာ ချာတိတ်လေး ဗြိတိန်တွင် ပေါ်ထွက်လာ၊ လိုအပ်သော ကျောက်မီးသွေးများ တရုတ်ရှာဖွေခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအတွက် စိုးရိမ်စရာဖြစ်လာ၊ မျက်ကပ်မှန်တပ်သော ကိုရီးယားဇာတ်ကောင်များကို အားကျကာ မိန်းကလေးများ တုပပြုလုပ်လာကြ၊ ပါကစ္စတန် ရေလွှမ်းမိုးမှု နိုင်ငံစီးပွားရေးကို ခြိမ်းခြောက်နေ၊ မြောက်ကိုရီးယားအနေဖြင့် စစ်ရေးအရ ရန်စခြင်းကို အဆုံးသတ်ရန် လီမြောင်ဘတ် ပြောကြား၊ "အေ့ဒ်စ်ရောဂါဝေဒနာရှင် ဂျာမနီနာမည်ကြီး အဆိုတော်တစ်ဦး အဖော်ယောကျ်ားလေးများနှင့် ချစ်ကြိုးသွယ်သဖြင့် တရားစွဲခံရ" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -စာလိုက်စာချဘက်စုံရ ထူးချွန်လှသည့်ဆရာတော် (အပိုင်း-၂)
၇း၁၅	၄။	ဓမ္မပူဇာတေး
၇း၂၀	၅။	မျိုးချစ်တပ်မတော်
၇း၂၅	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၄၀	၄။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၅	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၅	၉။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅	၁၄။	**Mail Box**
၆း၄၅	၁၅။	ကာတွန်းအစီအစဉ် -စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၄၀)
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၄၃)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ရယ်ရွှင်စရာဟာသပဒေသာ -အိပ်မက်ထဲကရွှေထုပ် (ဇာတ်သိမ်း) (ကောင်းခန့်၊ အရိုင်း၊ ကျော်ထူး၊ ကင်းကောင်၊ ရေချမ်း၊ မိုးပွင့်၊ ရီရီပွင့်ဖြူ၊ ရွှန်းလဲ့) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
	၂၂။	**Internet Website** ကဏ္ဍ
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၇)**
	၂၅။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
	၂၆။	သင့်အတွက်မနက်ဖြန်
	၂၇။	အပိတ်နှုတ်ဆက်စကား
	၂၈။	ပြီးပါပြီ။

ကမ္ဘာ့ဖလား ဘောလုံးချန်ပီယံဆု ခန့်မှန်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာကွန်ဆိုလီဒိတ်တစ်မီဒီယာက ထုတ်ဝေသည့် မြန်မာတိုင်းမ် ကမ္ဘာ့ဖလားနေ့စဉ်ထုတ်စာစောင်နှင့် Nat Ray Co., Ltd. (Casabella Home Furnishing Center) တို့ ပူးပေါင်းပြုလုပ်ခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ချန်ပီယံဆုခန့်မှန်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း အမှတ်(၂၂) ၉ မိုင်ရှိ Casabella Home Furnishing Center ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာတိုင်းမ် အမှုဆောင်အရာရှိချုပ် အယ်ဒီတာချုပ် Mr. Ross Dunkley က ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲချန်ပီယံဆု ခန့်မှန်းပြိုင်ပွဲဆုပေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Nat Ray Co., Ltd ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မာလာက ဆုပေးအပ်ချီးမြှင့်ရခြင်းကို ရှင်းလင်းပြောကြားပြီး ချန်ပီယံဆုကို မှန်ကန်စွာ ခန့်မှန်းနိုင်သူများထဲမှ ကံထူးရှင် ဦးခင်မောင်လွင်အား OSIM အမှတ်တံဆိပ် uDesire Massage Chair ကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ယင်းနောက် ဗိုလ်လုပွဲရောက်ရှိသည့် အသင်းနှစ်သင်းကို မှန်ကန်စွာ ခန့်မှန်းနိုင်သူများထဲမှ ကံထူးရှင် ကိုကျော်ဇင်ဦးအား LORENZO အမှတ်တံဆိပ် Recling Leather Chair ကို လည်းကောင်း၊ အကြိုဗိုလ်လုပွဲရောက် အသင်းလေးသင်းကို မှန်ကန်စွာ ခန့်မှန်းနိုင်သူများထဲမှ ကံထူးရှင် ဦးမြင့်လွင်အား Dunlopillo Materess ကို လည်းကောင်း၊ ကွာတားဖိုင်နယ်ရောက် အသင်းရှစ်သင်းကို မှန်ကန်စွာ ခန့်မှန်းနိုင်သူများထဲမှ ကံထူးရှင် ဦးတင်အောင်အား KETTLER အမှတ်တံဆိပ် ကျန်းမာရေး လေ့ကျင့်ခန်းသုံးပစ္စည်းကို လည်းကောင်း တာဝန်ရှိသူတို့က ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ဆုရရှိသူများကိုယ်စား ဦးခင်မောင်လွင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့၌ ဌာနဆိုင်ရာလုပ်ငန်းများ ဝန်ကြီး ဦးမောင်မောင်ဆွေ စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မီးသတ်စခန်း၌ သုံးခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုနှင့် မီးသတ်ယာဉ်စက် ကြံ့ခိုင်မှုအခြေအနေတို့ကို လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမီးသတ်စခန်း၌ မြို့မီးဘေးကြိုတင်ကာကွယ်ရေး စီမံထားရှိမှု၊ မီးသတ်ယာဉ် စက်ကြံ့ခိုင်မှုနှင့် ရေရရှိရေးအခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ဝန်ကြီးသည် ဩဂုတ် ၂၂ ရက်တွင် သီပေါမြို့ မီးသတ်တပ်ဖွဲ့စခန်းသို့ ရောက်ရှိပြီး ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် မီးဘေးတားဆီးမှု ကြီးကြပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ သီပေါမြို့ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မီးသတ်ယာဉ်စက်ကြံ့ခိုင်ရေး၊ ရေရရှိရေးလုပ်ငန်းများနှင့် ဆောက်လုပ်လျက်ရှိသည့် နှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကျောက်မဲမြို့ မီးသတ်စခန်း၌ လေးယူနစ် နှစ်ထပ်မီးသတ်စခန်း အဆောက်အအုံသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးသည် ဩဂုတ် ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မီးသတ်စခန်းသို့ရောက်ရှိပြီး နှစ်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုကာ လူမှုဝန်ထမ်းဦးစီးဌာန မန္တလေး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်၍ နှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်း အိမ်ရာ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ပြင်ဦးလွင်မြို့ မီးသတ်စခန်း၌ သုံးခန်းတွဲ သုံးထပ်ဝန်ထမ်းနေအိမ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မီးသတ်ဦးစီးဌာန)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်အားကစားကွင်း အုပ်စု(ခ)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန - တစ်ဂိုး

(ခိုင်ထူး)

အလုပ်သမားဝန်ကြီးဌာန - ဂိုးမရှိ

(ဒိုင်)ဦးသောင်းလှိုင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားကွင်း အုပ်စု(ခ)

သတ္တုတွင်းဝန်ကြီးဌာန - တစ်ဂိုး

(စောလောလမူး)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန - ဂိုးမရှိ

(ဒိုင်)ဦးသီဟကျော် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၅-၈-၂၀၁၀ ရက်

နေပြည်တော်အားကစားကွင်း အုပ်စု(ဂ)

မွေး/ရေ နှင့် သမဝါယမ

၂၅-၈-၂၀၁၀ ရက်

ပေါင်းလောင်းအားကစားကွင်း အုပ်စု(ဂ)

အားကစားနှင့် လူမှုဝန်ထမ်း

(၁၀၇)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

(၁၃၇၂ခုနှစ် ဝါခေါင်လပြည့်၊ ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
- ၇း၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်)မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့ သာသနမူလိကာရာမတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသဟောကြားတော်မူသော“မေတ္တာအခါတော်နေ့”တရားတော်
- ၈း၃၀ ၅။ International News
- ၈း၄၀ ၆။ Islands of Dhamma(5)
- ၈း၄၅ ၇။ ဘဒ္ဒန္တသိရိန္ဒ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ လယ်ဝန်ကျောင်းတိုက်၊ သထုံမြို့၊ မွန်ပြည်နယ်ထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း။
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၀၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (နေပြည်တော် F.C နှင့် ဇေယျာရွှေမြေ F.C)
- ၅း၀၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅း၀၅ ၃။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပဥ္စမအကြိမ်မြောက်မွစကြာဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက-၁၊သန်လျင်) အမျိုးသားဝတ်ရွတ်အဖွဲ့
- ၅း၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၃၀ ၅။ သီချင်းကြီးပဒေသာ
- ၅း၄၀ ၆။ “ထုထည်ကြီးမားထင်ရှားဧကန်ဓမ္မရံ”
- ၅း၅၀ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆း၄၅ ၁၁။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၁၅ ၁၂။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
- ၇း၄၅ ၁၃။ အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ထာဝရတို့မြေအလှ (ဟေမာနေဝင်း၊ တေးရေး-ပက်ထရစ်-မိုးသောက်ပန်း)
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်တေးသံသာ” (အပိုင်း-၇၁)**
- ၁၉။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ “သားကောင်း ရတနာပြဇာတ်” (ဒုတိယဆု)(မန္တလေးတိုင်းဒေသကြီး)
- ၂၀။ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ မေတ္တာသုတ္တန်တရားတော်
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၂။ အစီအစဉ်ပြီး၏။

မြန်မာဘောလုံး လေ့လာရေးအဖွဲ့ ဂျပန်နှင့် ကိုရီးယားသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနေရှင်နယ်လိဂ်အား ပိုမိုအဆင့်မြင့်သည့် လိဂ်ပြိုင်ပွဲ ဖြစ်လာစေရန်နှင့် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများအနေဖြင့် ပရော်ဖက်ရှင်နယ်ပီသစွာ လုပ်ကိုင်နိုင်စေရန်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ စီစဉ်ပေးမှုဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ တာဝန်ရှိသူများ ပါဝင်သော မြန်မာဘောလုံး လေ့လာရေးအဖွဲ့သည် ယမန်နေ့ ည ၇ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။**(ယာပုံ)**

မြန်မာဘောလုံး လေ့လာရေးအဖွဲ့တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဦးတင်မောင်လှိုင်(အမှုဆောင်)၊ ဦးစိုးမိုးကျော် (မီဒီယာဒါရိုက်တာ)၊ ဦးဝင်းသူမိုး (MNL ပြိုင်ပွဲကျင်းပရေးတာဝန်ခံ)၊ ဦးထူးအောင် (ဈေးကွက်ရှာဖွေရေးတာဝန်ခံ)၊ ဦးကိုကိုသိန်း (Event Manager)၊ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ ဦးလှဌေး (ဥက္ကဋ္ဌ၊ ဇွဲကပင်ယူနိုက်တက်)၊ ဦးမိုးဆန်းအောင် (ဥက္ကဋ္ဌ၊ ကမ္ဘောဇ F.C)၊ ဦးသူရိန် (ဥက္ကဋ္ဌ၊ ဇေယျာရွှေမြေ)၊ ဦးဇခုန်ယိန်းဆောင် (ဥက္ကဋ္ဌ၊ မနောမြေ F.C)၊ ဦးတင်အောင် (CEO Southern Myanmar)၊ ဦးခင်မောင်လတ် (CEO မကွေး F.C)၊ ဦးမျိုးမြင့် (ဒါရိုက်တာ၊ ဥဿာယူနိုက်တက်)၊ ဦးသန်းတိုးအောင် (နည်းစနစ်အကြံပေး၊ နေပြည်တော် F.C)၊ ဦးအောင်ထွန်းဦး(အထွေထွေအတွင်းရေးမှူး၊ ရတနာပုံ F.C)၊ ဦးတင်မြင့်အောင် (အုပ်ချုပ်သူ၊ Delta United) နှင့် ဦးအောင်ကျော်လွင် (အုပ်ချုပ်သူ၊ ရန်ကုန်ယူနိုက်တက်)တို့ လိုက်ပါသွားကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် အာရှတွင် အောင်မြင်နေသည့် ဂျပန်နိုင်ငံ၏ J-League ပြိုင်ပွဲနှင့် ကိုရီးယားနိုင်ငံ၏ K-League ပြိုင်ပွဲတို့အား သွားရောက်လေ့လာကြမည်ဖြစ်ပြီး လိဂ်ပြိုင်ပွဲများ၏ ဖွဲ့စည်းပုံ၊ စီမံဆောင်ရွက်မှု၊ မီဒီယာ၊ ဈေးကွက်ရှာဖွေရေးစသည့် ကိစ္စရပ်များ၊ ကလပ်အသင်းများ၏ ကွင်းများ၊ လေ့ကျင့်ရေးကွင်းများ၊ ဖွဲ့စည်းဆောင်ရွက်မှုများကို လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ဒိုက်ဦးမြို့၌ နေအိမ်ခေါင်မိုးအား မိုးကြိုးပစ်ရာမှ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အမှတ်(၁)ရပ်ကွက် မင်းလမ်းရှိ အိမ်တစ်အိမ်၏ ခေါင်မိုးအား ဩဂုတ် ၂၁ ရက် ည ၉ နာရီခန့်တွင် မိုးကြိုးပစ်ရာမှ နေအိမ်အတွင်းရှိ ဝါယာကြိုးများအား ထိမှန်ရှော့ဖြစ်ပြီး နေအိမ်အပေါ်ထပ်ရှိ ဘဲဥသေတ္တာနှင့် ကောက်ရိုးများကို မီးကူးစက်လောင်ကျွမ်းခဲ့ကာ ည ၉ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူနေအိမ်နှစ်လုံးနှင့် အခြားအဆောက်အအုံတစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်သေဆုံးမှု မရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်းနေ ကွယ်လွန်သူ ဦးရဲလင်းလှိုင်၊ တစ်လပြည့်အား ရည်စူး၍ ဇနီး ဒေါ်သန်းသန်းအေး၊ သမီး မသက်ထားဆည်းဆာ မိသားစုက တစ်နေ့လုံးစာ အထူးအာဟာရနှင့် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ် လှူဒါန်းစဉ်။

(ကြေးမုံ)

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သစ်ချဆိပ်ကျေးရွာနေ ဦးလှဝင်းသည် ဩဂုတ် ၂၁ ရက်တွင် ရွာအရှေ့ဘက်ရှိ မိချောင်းခေါင်းအင်း၌ ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးရှာရန် သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေချင်းဝတ်ပြတ်ဒဏ်ရာဖြင့် ယင်းနေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီမြို့၌ မီးလောင်မှုဖြစ်ပွား မော်တော်ယာဉ်တစ်စီး၊ နေအိမ်နှစ်လုံး မီးလောင်ပျက်စီး

နေပြည်တော် ဩဂုတ် ၂၄

ကရင်ပြည်နယ် မြဝတီမြို့၌ ဩဂုတ် ၂၂ ရက် ညပိုင်းတွင် မော်တော်ယာဉ်ပေါ်သို့ ဂက်စ်အိုးများတင်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ယင်းနေ့ ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် မြဝတီမြို့ အနန္တသူရိယလမ်းနေ ဦးဝင်းနိုင်၏ နေအိမ် ဂိုဒေါင်အတွင်းထားရှိသည့် ဖူဆိုမှန်လုံယာဉ်၏ အတက်အဆင်း အပေါက်ဝ၌ ဖယောင်းတိုင်ကို မဆင်မခြင်ထွန်းပြီး ယာဉ်ပေါ်သို့ ဂက်စ်အိုးများ တင်ခဲ့ကြစဉ် ဂက်စ်အိုးဘားပွင့်ပြီး မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်ကျွမ်းသွားစဉ် ယာဉ်မောင်းဇော်နိုင်က ယာဉ်အား ခြံအပြင်သို့ မောင်းထွက်ပြီး ခြံဝင်းနှင့် ကပ်လျက် နေအိမ်ရှေ့သို့ အရောက် ခုန်ချထွက်ပြေးခဲ့သဖြင့် ယာဉ်ပေါ်ပါ ဂက်စ်အိုးများ မီးလောင်ပေါက်ကွဲခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဖူဆိုမှန်လုံယာဉ်တစ်စီး၊ သွပ်မိုးပျဉ်ကာ နေအိမ်တစ်လုံး၊ သွပ်မိုးအုတ်ညှပ် နေအိမ်တစ်လုံးနှင့် လမ်းတစ်ဖက်ရှိ စာသင်ကျောင်းပြတင်းပေါက်အချို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ရောက်ရှိကြပြီး မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် ၂၅ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် မီးလောင်ပြီး ၄၅ မိနစ်ခန့်အကြာ ည ၈ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးဝင်းနိုင်၏သား အေးနိုင် (ခ) ဂနီ၊ ယာဉ်မောင်းဇော်နိုင်တို့ နှစ်ဦးအား မီးပေါ့ဆမှု/ပေါက်ကွဲစေတတ်သော အရာဝတ္ထုအား ပေါ့လျော့စွာပြုလုပ်မှုဖြင့် မြဝတီရဲစခန်း၌ အမှုဖွင့်ထားပြီး ၎င်းတို့နှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မီးဘေးဒုက္ခသည် အိမ်ထောင်စုနှစ်စုအား တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆိုင်လက်ဖက်ရည်ကို အိမ်မှာ ဖျော်သောက်လို့ရပြီ ...
ONE TEA
နို့ဆီ ပူးတွဲပါ
အသင့်ဖျော် လက်ဖက်ရည်ထုပ်
ရောစပ်ထားသော တီးမစ်မဟုတ်ပါ။
ချိုဆိမ့် ပေါ့ဆိမ့်
ကျဆိမ့် ချိုပေါ့

လက်ဖက်ခြောက်အရက်နှင့် ➡ ရေနွေး ➡ နို့ဆီ အဆင့်လိုက်ထည့်ပြီးသုံးဆောင်ပါ။
Ph: - (01) 578039 , 381011 , 542823

ရောင်စုံကမ္ဘာ
ဓာတ်ပုံစံချိန်ဒီဇိုင်း လုပ်ငန်း
မြန်နှုန်းမြင့်၊ အရောင်(၆)မျိုး၊ အဆင့်မြင့်စက်
ရောင်ပြန်ဒီဇိုင်းစတေကာ အမြန်ရမည်
မိနစ်(၃၀)
ဒီဇိုင်း အမြန်
လျှပ်စစ်ကြမ်းခင်း ဓာတ်ပုံ စလိုက်ပုံများကို အမြန်ကူးပေးသည်။

Air-con
4 years warranty
UNITED ASIA လေအေးစက်အရောင်းပြခန်း

နိုင်ငံတော်ပစ္စည်းတိုက်ဆုံးရှုံးမှု ပေါ်ပေါက်မှု ... (notice)

၁။ ...

၂။ ...

မူးယစ်ဆေးဝါး ဆန့်ကျင်ကြ

The Return of Sherlock Holmes
Sir Arthur Conan Doyle
တန်ဖိုး ၂၀၀၀/-

အမြန်ရောင်းမည်/ငှားမည်

ခင်သူဇာ
ရွှေသမင်အလိုက်မှာသူမို့

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပျဉ်းမနားမြို့နယ်တွင် သုည ဒသမ ၂၀ လက်မ၊ လောင်းလုံမြို့တွင် ၄ ဒသမ ၆၅ လက်မ၊ စစ်တွေမြို့တွင် ၄ ဒသမ ၀၉ လက်မ၊ ပလက်ဝမြို့တွင် ၂ဒသမ ၃၂ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ခရမ်းမြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် ကျောက်ပန်းတောင်းမြို့တွင် ၁ ဒသမ ၄၄ လက်မတို့ဖြစ်ကြသည်။

ထူးခြားသည့်အခြေအနေ။ ။ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင် (တုံကင်ပင်လယ်ကွေ့)တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်း မင်ဒူလီသည် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂၅ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၂ဒသမသုညဒီဂရီစင်တီဂရိတ်)၉၀ဒီဂရီဖာရင်ဟိုက်		၂၃-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် ၂၅ဒသမသုညဒီဂရီစင်တီဂရိတ်၇၇ဒီဂရီဖာရင်ဟိုက်		၂၄-၈-၂၀၁၀
၉း၃၀နာရီအချိန် စိုထိုင်းဆ	၇၇ ရာခိုင်နှုန်း	၂၄-၈-၂၀၁၀
မိုးရေချိန်	Tr	၂၄-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၂၇ဒသမ ၅ဒီဂရီစင်တီဂရိတ်)၈၂ဒီဂရီဖာရင်ဟိုက်		၂၃-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၄ ဒသမ ၈ဒီဂရီစင်တီဂရိတ်)၇၇ဒီဂရီဖာရင်ဟိုက်		၂၄-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၂ ရာခိုင်နှုန်း	၂၄-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	၁ ဒသမ ၈ နာရီခန့်	၂၃-၈-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၄-၈-၂၀၁၀	၃၂ မမ (၁ဒသမ ၂၆လက်မ)	၃၁မမ (၁ဒသမ ၂၂လက်မ)	၆မမ (သုညဒသမ ၂၄လက်မ)
၁-၁-၂၀၁၀မှ ယနေ့အထိ	၁၃၆၅မမ (၅၃ဒသမ၇၄လက်မ)	၁၅၂၅မမ (၆၀ဒသမ၀၄လက်မ)	၁၈၁၄မမ (၇၁ဒသမ၄၂လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၂-၈-၂၀၁၀ ရက် ၅း၃၀ နာရီတွင် အရှေ့တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

ဒေါက်တာခင်မျိုးဟန်၏ သားသားမီးမီးတို့ ဖြစ်တတ်သောရောဂါများ-၂ စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်မျိုးဟန်၏ သားသားမီးမီးတို့ ဖြစ်တတ်သောရောဂါများ-၂ စာအုပ်ကို ထုတ်ဝေ ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

စာရေးသူအနေဖြင့် ကလေးကျန်းမာရေးဆိုင်ရာ သားသားမီးမီးတို့ ကျန်းမာသန်စွမ်းဖို့နှင့် သားသားမီးမီးတို့ ဖြစ်တတ်သောရောဂါများ - ၁ ဆိုသည့် စာအုပ်နှစ်အုပ်ကို ထုတ်ဝေပြီးဖြစ်သည်။ ယခုစာအုပ်တွင် ရောဂါအမျိုးအစား အလိုက် အသက်ရှူလမ်းကြောင်း အတွင်းရောဂါများ၊ အူလမ်းကြောင်း အတွင်းရောဂါများ၊ အာဟာရဆိုင်ရာရောဂါများ၊ ဆီးနှင့်ကျောက်ကပ်ရောဂါများ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများ၊ မျိုးရိုးလိုက်ရောဂါများ၊ ဗိုင်းရပ်စ်ရောဂါများ၊ အရေပြားရောဂါများ၊ သွေးလွန်တုပ်ကွေးဟူ၍ တင်ပြပေးထားသည်။ ယခင်စာအုပ်နှစ်အုပ်တွင် မပါဝင်သေးသော ရောဂါအမျိုးအစားများဖြစ်ပြီး ရင်သွေးငယ်တိုင်း တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်တတ်၊ ကြုံတတ်သော ရောဂါများနှင့် ရှောင်လွှဲမရသည့် ထိုရောဂါများ ဖြစ်လာလျှင် မည်သည့်ရောဂါအတွက် မည်သို့ကာကွယ်စောင့်ရှောက်သင့်ပုံ၊ ကြိုတင်ကာကွယ်သင့်ပုံတို့ကို မိဘအုပ်ထိန်းသူများ ကျန်းမာရေးအသိနှင့် ယှဉ်ပြီး ပြုစုစောင့်ရှောက်နိုင်စေရန် ရေးသားထားသော စာအုပ်ဖြစ်သည်။

ကလေးသူငယ်များတွင် အဖြစ်များတတ်သော ရောဂါများမို့ မထူးဆန်းပါဟုဆိုကာ အလေးမထားခပ်ပေါ့ပေါ့ သဘောထားခဲ့ပါက နောက်ဆက်တွဲရောဂါဝေဒနာများ ဝင်လာပြီး အသက်အန္တရာယ် စိုးရိမ်ရသည်အထိ ဖြစ်နိုင်ပုံများကို စာရေးသူက မိမိအတွေ့အကြုံများနှင့်ယှဉ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး တင်ပြပေးထားသည်။

သားသမီးရင်သွေးရှိသော မိဘအုပ်ထိန်းသူတို့၏ အနီးတွင် ဆရာဝန်တစ်ဦးရှိသည့်ပမာ လက်စွဲပြုရမည့် ဤစာအုပ်ကို Wisdom House အမှတ်(၁၀၁) တိုက်(၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၅၈၅၃၃မှ ဖြန့်ချိပြီး စာအုပ်တန်ဖိုး ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဗိုလ်ချုပ်လှမင်း ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၂၄

ကေတုမတီဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၇ ရက်တွင် တောင်ငူခရိုင် အားကစားကွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြပြီး ဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ တာဝန်ရှိသူများက ပထမဆုနှင့် ဒုတိယဆုရရှိသောအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် နေရာအလိုက် အကောင်းဆုံးဆုများကို လည်းကောင်း၊ တိုင်းမှူးက ဒုတိယဆုရရှိသောအသင်းအတွက် ငွေသားဆု၊ ပထမဆုရရှိသော အသင်းအတွက် ငွေသားဆုနှင့် တံခွန်စိုက်ဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက်က ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာရှိ တောင်သူသုံးဦး၏ လယ်မြေဧက ၈၀ ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ်၌ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲအခမ်း အနားကို ဩဂုတ် ၁၉ ရက် နံနက်ဝနာရီ တွင် ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာရှိ တောင်သူသုံးဦး၏ လယ်မြေဧက၈၀၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား၌ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းဝင်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် ဒေသခံပြည်သူများက လယ်မြေအတွင်း ငါးခုံးမကြီး၊ တီလားပီးယားနှင့် ရွှေဝါ ငါးကြင်း သားပေါက်ကောင်ရေ ၄၀၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့နယ် သတင်းများ

မြေယာရှင်းအလု ဆောင်ရွက်

မူဆယ်မြို့ မြို့ဝင်မုခ်ဦးအနီး မြေယာရှုခင်းအလှ ဆောင်ရွက်ရန်အတွက် မြေပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၃ ရက်က ဦးစီးအရာရှိ ဦးဝင်းဇော်ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေပိုက်လိုင်းပြင်

ရွှာင်မြို့ ရေပေးရေးအတွက် သွယ်ယူအသုံးပြုလျက်ရှိသော မြို့မှ ခြောက်မိုင်အကွာရှိ ရန်ငြိမ်းအောင်ရေထွက်အနီး ရေပိုက်လိုင်းပြုပြင်ခြင်းကို ဩဂုတ် ၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းသီဟထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မင်္ဂလာတောင်ညွန့် သာယာကုန်းရပ်ကွက် သွေးလွန်တုပ်ကွေး ကာကွယ်ရေး ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၄

မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်အလိုက် သွေးလွန် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုကို ဩဂုတ် ၂၂ ရက်က စုပေါင်းပြုလုပ်ကြသည်။

စုပေါင်းဆောင်ရွက်

မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ အတွင်းရေးမှူး ဦးစိုးလှိုင်ဦး၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ခင်အေးရီနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်နှင့် စည်ပင်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးနေဝင်းနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၂၀၀ကျော်တို့က ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဖျန်းခြင်း၊ ရေစည်ရေအိုးများတွင် ပိုးလောက်လမ်းသေ အဘိတ်ဆေးခတ်ခြင်း၊ **(အောက်ပုံ)** ခြင်ထောင်များဆေးစိမ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။ (၃၂)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ရွှေပေါက်ကံမြို့သစ် မင်းရဲကျော်ထင်လမ်းနေ ဦးတင်အောင်-ဇနီး ဒေါ်လှဝင်းနိုင်၊ သမီး မသီတာအောင် မိသားစုက ထာဝရ ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နွားထိုးကြီး၌ ရွှေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်

နွားထိုးကြီး ဩဂုတ် ၂၄

နွားထိုးကြီးမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၏ မဲရုံမှူး၊ မဲရုံစောင့်များ၏ လုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၇ ရက်က နွားထိုးကြီး အထက အောင်သူရိန်ခန်းမ၌ ကျင်းပရာ သင်တန်းသား၊ဆရာ၊ဆရာမ ၄၇၄ ဦး တက်ရောက်ကြသည်။

အမှာစကား

မြင်းခြံခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစိန်မောင်၊ နွားထိုးကြီးမြို့နယ်ဥက္ကဋ္ဌနှင့် ပညာရေးမှူးတို့က သင်တန်းဖွင့် အမှာစကား ပြောကြားကြကြောင်း သိရသည်။ (၉၅)

မီးဘေးကာကွယ်ရေး

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေး လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းကို ဩဂုတ် ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများ စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေးပညာပေး ဟောပြော

နေပြည်တော် ဩဂုတ် ၂၄

တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက တပ်ကုန်းအမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းဆေးပညာ ဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်မာလွင်က မြန်မာ့တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများ၊ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမဒေါ်သင်းသင်းလှိုင်က ဆယ်ကျော်သက်အရွယ် ကျန်းမာရေးအကြောင်းများ ဟောပြောကြသည်။ (၅၆၄)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်းပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့် တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါ ဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန်ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ညောင်ဦးအထက အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ညောင်ဦး အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေးနှင့် အလှူငွေ ပေးအပ်ပွဲကို ဩဂုတ် ၁ ရက်က ညောင်ဦးမြို့ အမှတ် (၃) ရပ်ကွက် ရှစ်မျက်နှာကျောင်းတိုက် ဦးပဒုမ ကျောင်းဝင်းအတွင်းရှိ ဆယ်ဆင်မေဓမ္မာရုံ၌ ကျင်းပသည်။ ကချင်ပြည်နယ် ဖားကန့်မြို့နယ် တာမခန်ဒေသနေ ညောင်ဦးအထက ကျောင်းသားဟောင်းကိုတင်ကိုကိုမိုး (ပြည်တန်ရတနာ ကျောက်မျက်ရတနာကုမ္ပဏီ)နှင့် သူငယ်ချင်းများက အာစရိယပူဇော်ပွဲအတွက် လှူဒါန်းသော ငွေကျပ်သိန်း ၂၀ ကို ကိုတင်ကိုကိုမိုး၏ ကိုယ်စား ကျောင်းသားဟောင်း ကိုမြင့်ကျော်သူက ကော်မတီဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်အောင်ထံသို့ ပေးအပ်လှူဒါန်းသည်။

ညောင်ဦးအထကတွင် ပညာသင်ကြားခဲ့ပြီး ရပ်ဝေးဒေသသို့ ရောက်ရှိနေသော ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ရပ်ဝေးရပ်နီးမှ စေတနာရှင်များအနေဖြင့် အာစရိယပူဇော်ပွဲသို့ ဆက်သွယ်လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဒေါက်တာခင်မောင်သန်း ဖုန်း-၀၉-၈၀၂၂၇၄၄၊ ကိုသန်းဇော်ဝင်း ဖုန်း-၀၉-၅၁၅၈၆၅၀၊ ကိုခင်မောင်မြင့် ဖုန်း-၀၉-၅၀၂၀၈၇၆၊ ကိုဖြိုးဇော်မောင် ဖုန်း-၀၉-၅၁၁၄၃၆၂၊ ဒေါက်တာအေးသန့် ဖုန်း-၀၉-၂၀၄၀၁၃၇၊နေပြည်တော်တွင် ဦးသော်ဒါ ဖုန်း-၀၉-၈၇၆၀၂၆၂၊ မန္တလေးမြို့တွင် ဦးညွန့်မောင် ဖုန်း-၀၉-၂၀၂၄၈၀၄၊ ကိုရန်လင်းထွန်းအောင် ဖုန်း-၀၉-၂၀၂၅၂၀၇၊ အာစရိယပူဇော်ပွဲကော်မတီရုံး ဖုန်း-၀၉-၀၆၁-၆၀၁၆၃၊ဦးတင်မောင်လင်း ဖုန်း-၀၉-၂၀၄၂၂၆၀၊ ဦးရဲမြင့်အောင် ဖုန်း-၀၉-၂၀၄၂၈၇၂၊ ကိုအောင်ဇော်မိုး ဖုန်း-၀၉-၅၀၀၅၆၄၀၊ တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၉-၂၀၄၂၆၇၅၊ ကိုသောင်းမင်းညွန့် ဖုန်း-၀၉-၂၀၉၉၁၀၂၊ ကိုအောင်လှိုင်ဝင်း ဖုန်း-၀၉-၂၀၄၃၂၈၃၊ ဦးအောင်မျိုးခိုင် ဖုန်း-၀၉-၂၀၄၃၃၉၅၊ ကိုမြင့်ကျော်သူ ဖုန်း-၀၉-၂၀၄၂၄၃၂၊ ကိုမြင့်ဇော်လင်း ဖုန်း-၀၉-၂၀၄၃၁၄၅၊ ကိုရဲမင်းဇော် ဖုန်း-၀၉-၄၇၂၀၇၈၈နှင့် ကိုနေထွန်းလင်းရှိန် ဖုန်း-၀၉-၂၀၄၃၂၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၁၁၃)

သန်လျင်၌ မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တောင်ပိုင်းခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အာဟာရ ရက်သတ္တပတ်များနှင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်က သန်လျင်မြို့ ရှင်စောပုခန်းမ၌ ကျင်းပရာ ပြိုင်ပွဲတွင် ပထမဆုရ သုံးခွမြို့နယ်မှ ဒေါ်သီတာ၊ ဒုတိယဆုရ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ဒေါ်ခင်မိုး၊ တတိယဆုရ ဒလမြို့နယ်မှ ဒေါ်ပြုံးသီတာလှိုင်တို့အား ဒုတိယ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဝေမာမာထွန်းကလည်းကောင်း၊ ခရိုင်အဆင့် စံပြမိခင်ပြိုင်ပွဲတွင် ပထမဆုရ သန်လျင်မြို့နယ်မှ ဒေါ်နှင်းရည် **(အပေါ်ပုံ)**၊ ဒုတိယဆုရ ကော့မှူးမြို့နယ်မှ ဒေါ်စန်းစန်းအေး၊ တတိယဆုရ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ဒေါ်စန်းစန်းမြင့်အား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ယင်းနောက်ကိုယ်ဝန်ဆောင်မိခင်များအား အနှီးပိတ်၊အိုင်အိုဒင်းဆား၊ သံဓာတ်ဆေးပြားများ ပေးအပ်ပြီး ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကြကြောင်း သိရသည်။ (၅၂၇)

စာနယ်ဇင်းပညာ သင်တန်း (၁/၂၀၁၀) ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ် (၁/၂၀၁၀)ကို စက်တင်ဘာ ၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ သင်တန်းချိန်ကို နံနက် ၈ နာရီမှ၁၁နာရီခွဲအထိ သတ်မှတ်ထားရာ သင်တန်းတက်ရောက်လိုသူများသည် ဂျာနယ်၊မဂ္ဂဇင်းများတွင် သတင်းထောက်အဖြစ် ဆောင်ရွက်နေသူ ဖြစ်ရမည်ဖြစ်ပြီး သင်တန်းကြေးမှာငွေကျပ်သုံးသောင်းဖြစ်၍ သက်ဆိုင်ရာ ဂျာနယ်၊ မဂ္ဂဇင်းတိုက်များ၏ အမှုဆောင်အရာရှိချုပ်(သို့) အယ်ဒီတာချုပ်၏ ထောက်ခံချက်ပါရှိရမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှတ်(၅၂၉) (ဒုတိယထပ်)၊ ကုန်သည်လမ်း၊ စာပေဗိမာန်အဆောက်အအုံ၊ ရန်ကုန်မြို့သို့ ဩဂုတ် ၂၆ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ လျှောက်ထားနိုင်ပြီးလျှောက်လွှာပုံစံများကိုဖော်ပြပါရုံး၌ ရုံးချိန်အတွင်း အခမဲ့ရယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၄

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ အိုလံပစ်သွေးစည်းညီညွတ်ရေး အစီအစဉ်အရ ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစား စီမံခန့်ခွဲသူများ သင်တန်း (၂/၂၀၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းခန်းမ၌ နေရာယူကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အား တစ်ဦးချင်း မိတ်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးဦးသောင်းထိုက်က သင်တန်းဖွင့် အမှာစကား ပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းသို့ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၃၅ဦး တက်ရောက်ကြပြီး ဩဂုတ် ၂၃ရက်မှ ၂၇ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးလက်တိရစ္ဆာန်ကျန်းမာရေး လုပ်သားသင်တန်းဖွင့်

မော်လမြိုင်ကျွန်း ဩဂုတ် ၂၄

မော်လမြိုင်ကျွန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကျေးလက်တိရစ္ဆာန် ကျန်းမာရေးလုပ်သား သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၀ ရက်က မော်လမြိုင်ကျွန်းမြို့ သောင်တိုးမြေရှိ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးအဆောက်အအုံသစ်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် **(အောက်ပုံ)** နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနဦးစီးအရာရှိ ဦးမြကြိုင်တို့က အမှာစကား ပြောကြားသည်။

သင်တန်းသို့ မော်လမြိုင်ကျွန်း မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၃ အုပ်စုမှ သင်တန်းသား ၇၀ တက်ရောက်ကြပြီးသင်တန်းကာလမှာ ခုနစ်ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (၃၆၄)

မြို့နယ်သတင်းများ

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ဇူလိုင် ၃၁ ရက်က မကွေးစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ချိုချိုတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၁၈)တွင် တည်ရှိသော Native Power Technology Co.,Ltd. သည် အောက်ဖော်ပြပါ တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မူပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

SCHOLAR

၄/၅၄၈၁/၂၀၁၀

အထက်ဖော်ပြပါ တံဆိပ်အမည် အမှတ်အသားကို **မီးစက်အမျိုးမျိုး**တို့ကို ထုတ်လုပ်၊ ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါကုန်ပစ္စည်းတို့ကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပုတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း၊ လက်ဆောင်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ Letter Head နှင့် ကုမ္ပဏီ စာရွက်စာတမ်းများ အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ ၎င်းကုန်ပစ္စည်းများ အပေါ်တွင်လည်းကောင်း၊ ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကိုလည်းကောင်း ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့် တကွ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမည် အမှတ်အသားကို တစ်ခုလုံး ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်၍ သုံးစွဲခြင်း မပြုရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးကြွယ် B.Com. B.A, D.M.A, R.L(စဉ်-၂၃၇၄၈)
အထက်တန်းရှေ့နေ
251, First Floor, 37th Street,
Kyauktada Township, Yangon,
Union of Myanmar. Tel:73041426, 249118

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ လှိုင်မြစ်လမ်းသွယ်(၁)လမ်း၊ အမှတ်(၁၀-က)၊ (၁၂-ကခ) မြေကွက်ပေါ်တွင် ဆောက်လုပ်ဆဲ (၃)ခန်းတွဲ (၄)ထပ်တိုက်ရှိ ကန်ထရိုက်တာ ရရှိသော တတိယထပ် (၄)လွှာ လမ်းမှကြည့်လျှင် (ယာဘက်စွန်) တိုက်ခန်းကို ကန်ထရိုက်တာထံမှ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤနေ့မှ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင် အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲမြင့်(ရေနံမြေ)
တရားရုံးချုပ်ရှေ့နေ (၂၅၀၃)
အမှတ်(၃၀)၊ ရတနာလမ်း၊ (၃) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၃၀၇၅၉

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သထုံခရိုင်တရားရုံး

၂၀၁၀ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀

ဦးညီညီထွေး	နှင့် ၁။ ဗိုလ်မှူးကြီးရဲထွဋ်(ငြိမ်း)ဒါရိုက်တာ
(၎င်း၏အခွင့်ရကိုယ်စားလှယ်	၂။ ဦးမင်းအောင်
ဦးတင်မောင်ဦး)	ဗန္ဓုလသယ်ယူပို့ဆောင်ရေး
အမှတ်(၄၄)၊ (၁၂)ရပ်ကွက်	ကုမ္ပဏီလီမိတက်
ရင်းငြိမ်မြောက်ပိုင်း၊ ပေါင်မြို့နယ်၊	ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သထုံခရိုင်၊ မွန်ပြည်နယ်	သီရိမင်္ဂလာလမ်းမကြီး၊ ရွာမ(အရှေ့)
	ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
(တရားလို)	**(တရားပြိုင်များ)**

ဦးမင်းအောင်(၅ခ/၇၁၄၉-ယာဉ်မောင်း) (ယခင်နေရပ်လိပ်စာ) ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ သီရိမင်္ဂလာလမ်းမကြီး၊ ရွာမ (အရှေ့) ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက 'မော်တော်ယာဉ်ပျက်စီးမှုကုန်ကျစရိတ်ငွေ (၉၇၀၀၀၀၀) (ကျပ်ကိုးဆယ့်ခုနစ်သိန်းတိတိ)ပြန်လည်ရလိုမှု' ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၀ပြည့်နှစ် စက်တင်ဘာလ ၃ ရက် (၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

သင်ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဆွေဆွေ)
ခရိုင်တရားသူကြီး

အများသိစေရန်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ယုဇနလမ်း၊ ရေကျော်အမှတ်(၇)နေ ဒေါ်နွဲ့နွဲ့ဝင်း [၁၂/ပဘတ(နိုင်)၀၁၀၃၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဒေါ်နွဲ့နွဲ့ဝင်းသည် "ကုလားအုပ်သုံးကောင်" "DOUBLE WANI" "TOP STAR" "PANDA" "LIVING PANDA" "LIVING PANDA" (သံကွင်း) "GOLF" "YOUNG BOY" "TOPS" "APLUS" "DOUBLE HAND PANDA" "THREE STARS CAMEL" "J-PRESS" အမျိုးသားဝတ်အတွင်းခံဘောင်းဘီ ကုန်အမှတ်တံဆိပ်များနှင့် "VENA" "VINTAGE" "ROSE" "DOUBLE HAND PANDA" အမျိုးသမီးဝတ်ဘော်လီအင်္ကျီ၊ ဘရာစီယာ၊ အတွင်းခံဘောင်းဘီ၊ အတွင်းခံစကတ်၊ စကတ်ဘောင်းဘီ၊ ရှင်မီးအင်္ကျီ၊ အတွင်းခံအထည်မျိုးစုံတို့၏ ကုန်အမှတ်တံဆိပ်တို့ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်၌ တရားဝင်မှတ်ပုံတင်သွင်းထားပါသည်။

အထက်ဖော်ပြပါ မှတ်ပုံတင်သွင်းထားသော ကုန်အမှတ်တံဆိပ်ပါ အဝတ်အထည်များ ဖြန့်ဖြူးရောင်းချခြင်း၊ ၎င်းစီမံခန့်ခွဲမှု ကိစ္စအရပ်ရပ် ဆောင်ရွက်နိုင်ရန်အတွက် ဒေါ်နွဲ့နွဲ့ဝင်းက ဒေါ်နန်းချိုလီနွယ်သို့ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်၌ ၂၀၀၈ခုနှစ်၊ မှတ်ပုံတင်အမှတ်(၁၃၁၀)ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။

အထက်ဖော်ပြပါ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာနှင့် အထက်ကုန်အမှတ်တံဆိပ်ပါ ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်းအား ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်လှိုင်ထွေး B.A(Law),LL.B
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၁၃၆)
အမှတ်-၁၀/၁၂၊ အခန်း-၁၀၃(I)၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်လှရွှေ နယ်ခြားစောင့်တပ်မှ အရာရှိတစ် ဦး အား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များကို တပ် ဆင် ပေးစဉ်။
(သတင်းစဉ်)

မြဝတီမြို့နယ် အတွင်းကွင်းကလေးဒေသ၌ နယ်ခြားစောင့်တပ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ရည်မှန်း၍ အကောင်အထည်ဖော် လုပ်ဆောင်ပေးလျက်ရှိပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများအား **စာမျက်နှာ ၇ ကော်လံ ၁ သို့**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၅/၂၀၁၀)ကို ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၉၅/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်)
အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ
National Development and Peace Party အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ ၈၉ လမ်း၊ အမှတ် (၁၆) (၄ လွှာ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** အား ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၂၄ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party ၏ မှတ်ပုံတင်အမှတ်မှာ (၄၂) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်